http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

[ စိန္တိကာထာ ]

# စဉ်းစားစရာလေးများ

စဉ်းစားစရာများသည် စဉ်းစားလိုသူများအတွက်
စဉ်းစားစရာအကွက်များအဖြစ် တစ်ကွက်ပြီးတစ်ကွက် တင်ဆက်နေမည်သာ။
ကောင်းသည်လည်းရှိ၏။ ဆိုးသည်လည်း ရှိ၏။
အကျိုးများစရာလည်းရှိ၏။ အကျိုးနည်းစရာလည်းရှိ၏။
သောင်းပြောင်းရောယှက် တစ်လောကလုံးကြီးအတွင်း ပြည့်လျှက်ကပင်
ထိုစဉ်အတိတ်ကလည်း အတိတ်နှင့် အတိတ်ထက်အတိတ်များချိတ်ဆက်မိနေကြပြီး
အငြင်းပွားလျှက်ကပင် ဤမှာဘက် ပစ္စုပ္ပန်သို့ ပွဲဆက်လာခဲ့ကြပါသည်။
ဤပစ္စုပ္ပန်တွင်လည်း ပစ္စုပ္ပန်ရှေ့က ပစ္စုပ္ပန်များနှင့် လက်ရှိပစ္စုပ္ပန်
ဥတုချင်းကအစ၊ အစာချင်း ကံချင်း စိတ်ချင်း ကွဲပြားနေကြသည်နှင့်အမျှ
ငြင်းလက်စ စကားမဆုံးတော့ပါ။
နောင်ဆိုသော အနာဂါတ်တွင်လည်း...

နတ်တာလူသာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်

မဟာဗောဓိမြိုင်ဆရာတော် - စဉ်းစားစရာလေးများ

နမောဝေတပုဒ္ဓဝိရဿ ၊



ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

[ စိန္တိကာထာ ]

# စဉ်းစားစရာလေးများ

GRAPHIC DESIGN : NYEIN CHAN THA(2009)

http://www.dhammadownload.com

# နတ်တလှူသာသနာပြုအသင်း

## နတ်တလှူစာစဉ်-၂၂

သုဝဏ္ဏာသျှမ်
သာသနာပြုစာစဉ်
အမှတ်(၇၄)၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၆၀၆၇၀၊ ၀၉၅၀၅၆၃၆၉

http://www.dhammadownload.com

၂၀၁.၆

မဟာဗောဓိမြိုင်ဆရာတော်(စိန္တကထာ)

စဉ်းစားစရာလေးများ၊ / မဟာဗောဓိမြိုင်ဆရာတော်(စိန္တကထာ)။ - ရန်ကုန်၊

သုဝဏ္ဏသျှမ်စာပေ၊ ၂၀၀၉၊

၆၃ - တ၊ ၁၂၅ × ၁၈ စင်တီ၊

(၁) စဉ်းစားစရာလေးများ၊

ပထမအကြိမ်

၁၃၇၁ခု၊ တန်ဆောင်မုန်း

၂၀၀၉ခုနှစ်၊ နိုဝင်ဘာ

| | | |
|---|---|---|
| တမူခွင့်ပြုချက်အမှတ် | - | ၃၂၅၃၇၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၅၀၇၀၉၀၉ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| တစ် | - | အောင်လင်းနိုင်၊ငြိမ်းချမ်းသာ |
| အတွင်းဖလင် | - | AZ |

ထုတ်ဝေသူ

ဦးစိန်မြင့်(မြ - ၀၃၈၃၉)၊ သုဝဏ္ဏသျှမ်စာပေ

အမှတ် - ၇၄၊ သာယာအေးလမ်း

၃ - ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်၊

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း၊ ကာလာဖုံအော့ဖ်ဆက်

အမှတ် - ၁၈၄(ဘီ)၊ ၃၁ - လမ်း၊ ရန်ကုန်မြို့

တန်ဖိုး - ၈၅၀ ကျပ်

ပွင့်ပယ်ဖန်တီးမှု - ငြိမ်းချမ်းသာ၊ ဝင်းဇော်ဦး

http://www.dhammadownload.com

နမော ဓော ဗုဒ္ဓ ဝိရဇ္ဇ၊

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

(စိန္တကာထာ)

# စဉ်းစားစရာလေးများ

နတ်တလူသာသသနာပြုအသင်းမှ
စီစဉ်ထုတ်ဝေသည်။

http://www.dhammadownload.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောက်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ဥပဒေဘောင်တွင်းနေထိုင်ခြင်း
ဘေးရန်ကင်းကွာပြည်သာယာ။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

မဟာဗောဓိမြိုင်ဆရာတော်၏

# စိန္တိကထာ

စဉ်းစားစရာလေးများ

အကိရိယောပိ ဘုဉ္ဇန္တံ သုန္ဒရံ ဆုဓ နရောယော

အနေသနော အနပ္ပကော အပုညောဟိ သုခါတထာ

အတီတပုည ကမ္မေန သန္နဒ္ဓ နိသဒ္ဓ ဝတော

ဆုဓ-ဤလူဘုံ၌၊ ယောနရော-အကြင်လူသားသည်

အကိရိယောပိ-မပြုမလုပ်ရဘဲလျက်ကပင်၊ ဘုဉ္ဇန္တံ-အဆင်သင့်စား

သုံး နေရပါ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



အနေ့ာသနေ့ာပိ-မရှာဖွေရဘဲလျှက်ကလည်း။ အနပ္ပကော-မရှားပါ။ တထာ-ထို့အတူ၊

အပုညော အကိရိယောဟိ-ကောင်းမှုမပြုဘဲလျက်ကလျှင်၊ သုခေါ်-ချမ်းသာ နေရပြန်၏။

သောနရော-ထိုလူစားမျိုးကား
သုန္ဒရေ-လူသားထဲတွင်အထူးချွန်ဆုံးတည်း၊
ကသ္မာ-ဘာကြောင့်မေးခဲ့သော်
တိသ္မိံ-ထိုသူ၌၊ ပရေန-သူတစ်ဖက်နှင့်

အတီတပုညကမ္မေန-အတိတ်ကပြုမြဲတ်ကောင်းမှုအားဖြင့် သန္ဒဒ္ဓနိသဒ္ဒဝတော-ဖွဲ့ယှက်ခြင်းအကျိုးဆက်ထားခြင်းအစွမ်းကြောင့်တည်း။(ဝါ)ချမ္ဘူးသောရေစက် ပန္နက်ဖူးသော သစ္စာစွမ်းများကြောင့်တည်း။ ။

http://www.dhammadownload.com

## စဉ်းစားစရာလေးများ

ဤလောကဝယ် စဉ်းစားစရာများစွာတို့သည် စဉ်းစာစရာအဖြစ် ဖြင့်စားကျက်တွင်းထဲသို့ အကဲတကြီး ထိုးဝင်လာနေကြ၏။ ပြောချင်ဆိုချင်သူ၏ ဆန္ဒပြောစရာဆိုစရာများ တစ်ခုမဟုတ်တစ်ခုတွေ့နေရသည့်ပမာပင်။ ထိုအထဲ တွင်မှာမှ စဉ်းစားစရာအကောင်းဆုံးတို့ထက် လုတက်လာသော စဉ်းစားစရာ အချက်တကျ ပေါ်လာ၏။ ယင်းကား···

သာသနာတော်ဝယ် စံ အရာထားသော လူဝန်ထမ်း၊ ပစ္စည်းဝန် ထမ်းများအကြောင်း၊ ထိုစဉ်

လူဝန်ထမ်းကားသာမန်မျှသာစဉ်းစားလိုပြီး ပစ္စည်းဝန်ထမ်းများ၌သာ မျက်လုံးစုံ အကုန်စူးဝင်လျက် ရှိချေသည်။ လူဝန်ထမ်းများကား သာသနာ့ဘောင် ဝင်၍ ဝန်ထမ်းလိုလျှင်···

(က) ကျားဖြစ်ကအရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန်

နတ်တလူစာစဉ်

http://www.dhammadownload.com



တို့လိုဖြစ်ပါစေ။

(ခ) မဖြစ်က ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီတို့လိုဖြစ်ပါစေ ဟူ၍ပင်။

တစ်ဖန် . . . သာသနာ့ဘောင်မဝင် လူအဖြစ်ဖြင့်ပင် ဘဝပန်း တိုင်ဝင်လိုခဲ့ပါလျှင် . . . .

(က) ကျားဖြစ်ပါက စိတ္တသူကြွယ်၊ ဟတ္ထက- အာဠဝတတို့နှစ်ဦးလို ဖြစ်ပါစေ။

(ခ) မဖြစ်ပါက . . . နန္ဒမာတာ၊ ခုဇ္ဇုတ္တရာ ကျွန်မတို့နှစ်ဦးလို ဖြစ်ပါစေ . . . ဟူ၏။

ထိုလေးဦးနှစ်တွဲတို့သည် ဘုရားရှင်ပွင့်ဆဲကာလတုန်းက သာသနာ တော်၌ သက်ဝင်ယုံကြည်ခြင်းလည်းရှိ၊ ဝန်ထမ်းများအပေါ် အားကျမိုခိုခြင်း လည်းရှိကြပါသော သားရှင်၊ သမီးရှင်များက အရွယ်ရောက်လာသော မိမိ၊ မိမိတို့သားသမီး အပေါ် ဆုံးမရာ၌စံထားခံကြရသော ပုဂ္ဂိုလ်ချွန်များပင်။ ထိုအတွဲ များတွင် သာသနာတော်၏ အမျိုးသားဘက်၊ အမျိုးသမီးများဘက် ပုဂ္ဂိုလ်ချွန် လေးဦးလုံးစတို့ကား လက်ဝဲရံ၊ လက်ယာရံ တေဒဂ်ရှင်များချည်းဖြစ်ကြသည်ကို အားလုံးသိပြီးဖြစ်၍ ထပ်မပြောလိုတော့ပြီ။ လူမှာဘက်ရှိလေးဦးတို့တွင်ကား အမျိုးသားဘက်က စိတ္တသူကြွယ်ကား အနာဂါမ်၊ ဟတ္ထကအာဠဝက မင်းသား ကား သောတာပန်ဆို၏။ တစ်ချိန်ကခေတ်စားခဲ့ဖူးသော ကုန်ထုတ်ရင်းစစ်တိုက်၊ စစ်တိုက်ရင်း ကုန်ထုတ်စကားပမာ လူ့အလုပ်လုပ်နေကြရင်းက အရိယာတန်း ဝင်ဖြစ်သွားသူများတည်း။

တစ်ဖန် . . . အမျိုးသမီးဘက်က နန္ဒမာတာကား အနာဂါမ်သူ ကြွယ်မကြီး၊ ခုဇ္ဇုတ္တရာမှာမူကား သာမာဝတီမိဖုရားကြီးခိုင်းစေနေသော ကျွန်မ အဖြစ်ဖြင့်ပင် သောတာပန်တည်သူဖြစ်ရာ ကျွန်အလုပ်လုပ်ရင်း သခင်မရသွား

http://www.dhammadownload.com



သူပင်တည်း။

ထိုကဲ့သို့ တစ်ခုလုပ်ရင်းနှစ်ခုရသွားသူများကို အားကျပြီး သားရှင်မိဘများက မိမိ••မိမိတို့သားများကို ဆုံးမသောအခါ "မင်းနော်•••လူအဖြစ်ဖြင့် နေချင်ရင် စိတ္တသူကြွယ်တို့၊ ဟတ္ထအာဠာဝကတို့လို ဖြစ်အောင်ကြိုးစားရလိမ့်မယ်၊ တကယ်လို့ လူ့အလုပ်မလုပ်ချင်ပါဘူး။ သာသနာ့ဘောင်ပဲဝင်ပါတော့မယ်ဆိုရင်လည်း ••အရှင်သာရိပုတ္တရာကိုယ်တော်ကြီးလို အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးတို့လို ဖြစ်အောင်သာ ကြိုးစားကွာ" ဤသို့လျှင်မှာထားသည်ဟုဆို၏။

တစ်ဖန်သမီးရှင်မိဘများက သမီးများအား အဆုံးအမပေးသောအခါ၌လည်း "ညည်းနော်•• အရွယ်ရောက်လာပြီ၊ လူကျင့် ကျင့်မလား၊ ရဟန်း ကျင့်ကျင့်မလား၊ ညည်း••ကြိုက်ရာရွေး အဲ••လူလိုကျင့်မယ်ဆိုရင်တော့ နန္ဒမာတာလိုဖြစ်ပစေ၊ သူ့မယ်တောင်အေ••ခုဇ္ဇုတ္တရာလောက်တော့ ဖြစ်ကိုဖြစ်မှအေ့၊ အေးလေ လူ့ဘဝက ကြက်များအမှိုက်ပုံအောက် အစာမရအရ ယက်ဖြရှာရသလို ကာမမှောင်အိမ်ထောင်ကြားကနေ အရိယာအဖြစ်ကြိုးစားရတာမဝံ့လို့ စမ်းချောင်းအောက်က ကျောက်ဖြူခဲ ဆင်းကောက်ရသလို သာ့သနာ့ဘောင်ရဟန်းအမျိုးသမီးအဖြစ်နဲ့ပဲ ကိုယ့်ဥစ္စာအရရှာယူတော့မယ်ဆိုရင်လည်း အရှင်မ ခေမာတို့၊ အရှင်မ ဥပ္ပလဝဏ်တို့နှစ်ပါးလို အမွန်ပေါ်တက် အချွန်ထွက်ပါစေ ဟော့နော်••" ဟူ၏။ ဤသို့ မှာထားသည်ဆို၏။

ဤဝန်ထမ်းတို့အတွက် ထိုမှာထားချက်ကား•

ထိုစဉ်က သာသနာသည် နေတက်လတက်ပမာ နပျိုခြင်း၊ သစ်လွင်တောက်ပခြင်းနှင့်အတူ ကဿပရှင်တော်မြတ် ပရိနိဗ္ဗာန်စံဝင်သွားပြီ၊ သာသနာကွယ်သွားပြီ၊ ထို "သွားပြီ"နှစ်ခုတို့နောက် မကြားစဖူးသော စကားများကြားနာလာရခြင်း၊ မမြင်စဖူးများ မြင်တွေ့လာရခြင်းများနှင့် ပက်ပင်းဆုံ၊ ဆုံ

http://www.dhammadownload.com



မိကြသော လူသားများ၏ အားကျစကားများပင်။

တစ်ဖန်··ထိုမကြားစဖူး မမြင်စဖူးများ၏ ဆွဲငင်အားများကလည်း "အရိယာ"ဆိုသော ပုထုဇဉ်တို့နှင့် ပြောင်းပြန်သော ဖြူစင်ခြင်းရတနာမှာ·· နည်းဆုံးဘယ်သူမှ မရောက်လိုကြသော ငရဲကောင်၊ ပြိတ္တာကောင်၊ အသူရကာယ်ကောင်၊ တိရစ္ဆာန်ကောင်များအဖြစ် မည်သည့်ကာလမျှ ပြန်လည်မရောက်ရတော့ဆိုသော သောတာပန်(အရိယာရေယာဉ်အတွင်းသို့ ဝင်ရောက်သွားပြီးသူ) အဖြစ်မှသည် ကာမဒုက္ခ၊ ဘဝဒုက္ခအလုံးစုံတို့မှပင် အကျွတ်အလွတ်ဖြစ်စေရမည်ဆိုသော အရိယာရင့်မကြီးများ။

ယင်းတို့ကြောင့်လည်း မိုးသောမိဘများက ၄င်းတို့ပါ အမိုလိုက်လိုကြပြီး အရွယ်လွန်ပြီ မမိုတော့ဟူ၍ ကိုယ့်ကိုကိုယ် အလျော့တွက် တွက်ထားသော မိဘများက သားသမီးတို့အား တွန်းပို့၊ ထောက်ပံ့ခြင်းများပင်၊ ထို့ကြောင့် ထိုလူစံများ၌ စဉ်းစားစရာအထူးမရှိ၊ စံပြုထိုက်၍စံပြုသည်မျှသာ၊

ပစ္စည်းဝန်ထမ်းများဘက်မှာသာ ပစ္စယာနုဂ္ဂဟ - သာသနာတော်အား ပစ္စည်းများထောက်ပံ့လျက်က သာသနာတည်ခြင်း၊ တည်စေခြင်းအထူးနှစ်ခု တစ်ပြိုင်နက်ပြုစုသွားကြသော

(က) ဝိသာခါ···သူမကိုယ်တိုင်လည်း သောတာပန် အဆင့်၌တည်သည်၊ သူမအကြောင်းပြု၍ သောတာပန်တည်သွားကြသော အမျိုးသမီးများလည်း ဒုနဲ့ဒေး။

(ခ) အနာထပိဏ်··· သူကိုယ်တိုင်လည်း သောတာပန်အဆင့်၌တည်သည်၊ သူ့အကြောင်းပြု၍လည်း သောတာပန်တည်သွားကြသော အမျိုးသားများ ဒုနဲ့ဒေးပင်။

ယင်းတို့နှစ်ဦးစလုံးသည် ဘုရားရှင်၏ ဥပသိကာမ၊ ဥပသကာများဖြစ်၏။ ဆိုလိုသည်မှာ ထိုနှစ်ဦးစလုံး လူထဲတွင် ဘုရားရှင်၏ အတွင်းရေး

http://www.dhammadownload.com



အတွင်းဝန်များတည်း။

ဥပ • • အနီးကပ်ဆုံးသော၊ သက • • • ကိုယ်ပိုင်ဥစ္စာ= ဥပသကာ အတွင်းနေတပည့်နှစ်ဦးတို့သည်

(က) သဒ္ဓါအရာ၌ အတုမရှိ အတူမရှိအားဖြင့်လည်းတူညီကြ၏။

(ခ) အဆင့်အားဖြင့်လည်း သောတာပန်ချည်းဖြစ်ကြ၏။

(ဂ) ဘုရားသခင်၏ အလိုတော်ကိုလည်း အတွင်းသိ အစင်းသိ များချည်း ဖြစ်ကြ၏။

(ဃ) သံဃာ့ကိစ္စစီမံရာ၌လည်း ဘုရားအလိုတော်ကျနှင့် ကိုက် အောင် စီမံတတ်သူများချည်း ဖြစ်ကြ၏။

သို့ကြောင့် • • ဘုရားရှင်သည် အထူးအားထားတော်မူ၏။ ယင်းတို့ နှစ်ဦး၏ အိမ်တော်များ၌ ထိပ်ဆုံးတွင် ဘုရားရှင်တစ်ပါးအတွက် သီးသန့်နေ ရာ ထားရှိကြ၏။ ယနေ့ အိမ်တိုင်း၏ ဘုရားကျောင်းဆောင်များသည် ယင်း တို့မှ ဆက်နွယ်လာ၏။ ထိုဘုရားခန်းကို မည်သည့်ရဟန်းမျှ ထိုင်ခွင့်မပြုကြ ဆို၏။

ဘုရားရှင်ကလည်း ၎င်းတို့နှစ်ဦး၏ အိမ်များသို့ အကြောင်းအား လျော်စွာ မပင့်မဖိတ်ဘဲ ကြွသွားတော်မူသည်ဆို၏။ နံနက် - ညနေ အချိန် မရွေးလည်း ဆို၏။

*သဒ္ဓါပါသော ပညာသည်များနှင့် ပညာပါသော သဒ္ဓါရှင်ဘုရား တို့၏ တွဲဖက်ညီအတွင်းထားပုံတည်း။ ထို့ထက်ညီသော ကိစ္စများကား-

*အနာထပိဏ်သည် တစ်ဖက်က ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ကုန်သည်များကို ဖြန့်၏။

*တစ်ဖက်ကလည်း ဘုရားရှင်၏ တရားအနှစ် သဘာဝဇစ်မြစ် များကို ဖြန့်၏။

http://www.dhammadownload.com



အချို့ကုန်များလောက်သာ ယူကြ၏။ အချို့တရားကိုပါ စိတ်ဝင်စားကြ၏။ ထိုအခါ စိတ်ဝင်စားသူများအား ဘုရားတော်ထံမှောက် အရောက်ခေါ်သွားချေရာ ရောက်သည်နှင့်ဘုရားရှင်က ထိုက်ရာတရားဟောချွတ်・・・ဟော တစ်ယောက်ကျွတ် ・・・ဟော ・ တစ်ယောက်ကျွတ်・・။

အနာထပိဏ်ကား・・ယုန်ခြောက်သမား။

ဘုရားရှင်ကား・・・ ယုန်စည်းစောင့်နေရာနား။

မည်မျှ အတွဲညီသော အတွင်းထားဆရာတပည့်များပေနည်း။

တစ်ဖန်・・・ဝိသာခါဘက် ကြည့်ပြန်ကလည်း ထိုနည်းမခြားပင်။ ဝိသာခါမသည် ကျက်သရေအပြည့်ရှိသောအမျိုးသမီးအဖြစ် ဘာသာမတူသူရော၊ တူသူရောကပင် တစ်ညီတစ်ညွတ်တည်း အသိအမှတ်ပြုခံရသူပင်။ ထို့ကြောင့်နေရာတိုင်း ပွဲဝင်ပေးရ၏။ ပွဲဝင်ပေးရတိုင်းလည်း အနီးကပ်ဆက်ဆံခွင့်ရ ဘာသာခြားအမျိုးသမီးများနှင့်တွေ့တိုင်း မေးသူရှိတိုင်း ・・・ဘုရားရှင်၏ သာသနာတော်အကြောင်းကိုလည်း အပိုအလိုမရှိပြောပြတတ်၏။ ဘုရားရှင်၏ တရားတော်အကြောင်းကိုလည်း အပိုအလိုမရှိ ပြောပြတတ်၏။

* နားနှင့်အသံကြားရာ(ထိတွေ့ရာ)သို့သတိထား နားကြားရုံမျှဖြင့် အပါယ်ဘေးမှ လွတ်ခွင့်ရသည်ဆိုသောစကား တအံ့တဩနားထောင်ကြ၏။

* မိမိထားလိုရာ ခန္ဓာ၏တစ်နေရာရာ အသိပို့လွှတ်ထာရုံမျှဖြင့် အပါယ်ကျရောက်စေနိုင်သည့် စေတနာခိုးအားလုံး ပျက်သုဉ်းသွားစေရသည်ဆိုသောစကား မရအရနားထောင်ကြ၏။

ဝိသာခါမ၏ ထိုအပြော တစ်ချို့သဘောကျသွားလေသောအခါ ဝိသာခါမသည် ထိုအမျိုးသမီးများအား ဘုရားထံမှောက်အရောက်ခေါ်လာ၏။ စေ့စပ်စကားပြော၏။ ဘုရားရှင်ကလည်း ထိုက်သောနား။ ထိုက်သောစကားဖြင့် ဟောပြလိုက်၏။ ယင်းတို့လည်း တစ်ယောက်ပါ တစ်ခါကျွတ်တမ်းဝင်ဖြင့်

http://www.dhammadownload.com



ပင် ဟောတစ်ယောက်··ဟောတစ်ယောက် အပါယ်ဝဋ်မှ အကျွတ်အလွတ်များ ဖြစ်သွားကြရာ···

ဘုရားရှင်ကား ····ယုန်စည်းစောင့်နေရာနား

ဝိသာခါမကား····ယုန်ပုတ်ထုတ် ခြောက်ထုတ်သမား

မည်မျှအတွဲညီသော အတွင်းထား ဆရာတပည့်များပေနည်း။

ဤ၌"စဉ်းစားစရာလေးများ"ဝင်လာချေပြီ။

သည်မျှ အတွဲညီသော သားအဖများဖြစ်ကြပါလျက် အဖဘုရားရှင်သာ တစ်ချီတစ်ခေါက် တောက်ထောက်ဒိုးယို(လျို) လူအမြင်မှ နိဗ္ဗာန်၏ အဆင့်မြင့်ဆုံးသော ပရိနိဗ္ဗာန်သို့ စံဝင်တော်မူသွားပြီး တွဲဘက်သားနှင့်သမီးများမှာမူကား···

*နတ်တစ်ဘုံ ဝင်နားလိုက် ကာမဂုဏ်ခံစားလိုက်··ပြီး နိဗ္ဗာန် ရှိရာသို့

* နောက်တစ်ဘုံ ဝင်ခိုလိုက် ကာမဂုဏ်အလိုလိုက်···ပြီး နိဗ္ဗာန် ရှိရာသို့

ဤနည်းဖြင့်ပင် ခရီးသွားရင်းမုန့်စားရင်း

* ဘဝဘုံအားဖြင့်လည်း ကာမဘုံအဆင့်ဆင့် ဗြဟ္မာဘုံအဆင့်ဆင့်

* ဗြဟ္မာဘုံအားဖြင့်လည်း သောတဘုံ၊ သကာဘုံ၊ အနာဂါမိကာဘုံ၊ အရဟတ္တဘုံအဆင့်ဆင့်

ဟိုဝင်သည်ကွေ့ ဖြင့် ဘယ်လောက်များ ကြာရှည်ကြဦးမည်လည်းမသိ၊ တရွေ့ရွေ့တဝေ့ဝေ့ အလေ့စုံအကုန်ဝင်နားနေကြသဖြင့် ဘယ်လောက်များအချိန်ဆွဲ နေကြဦးမည်လည်းမသိ၊ ဤ၌ သာသနာတော်ကြီးအား တပ်ပုံစံပြောရသော်

လူ့ဝန်ထမ်းရဟန်းတော်များကား ·· ရှေ့တန်းတပ်ဖွဲ့ဝင်များနှင့်တူပြီး သတိအထွတ်တင်ထားသော သီလကို အစွဲအမြဲကိုင်ဆောင်ကြရ၏။

http://www.dhammadownload.com



ပစ္စည်းဝန်ထမ်းလူများကား ထောက်ပို့တပ်ဖွဲ့ဝင်များနှင့်တူပြီး ပီတိအထွတ်တင်ထားသော သဒ္ဓါကို အစွဲအမြဲကိုင်ဆောင်ကြ၏။ ထိုစဉ် ရှေ့တန်းတပ်ကဲ့သို့ ရန်သူကို ရန်သူလို သဘောထားကာ သည်နေရာတွေ့ တွေ့သည့်နေရာ၌ပင် ပြုတ်ပြုတ်ပြုန်း··ချေမှုန်းနိုင်စွမ်းသော၊ ဟိုနေရာတွေ့ ဟိုနေရာ၌ပင် အဝှံးအရုံးဘုန်းဘုန်းကျစေသော သတိအထွတ်တပ်(သတိထိပ်ဖူးတပ်)သို့ လပိုင်လူဝန်ထမ်းများမှာမူကား···

- အချို့ဘုရားရှင်အရင်တောင် နိဗ္ဗာန်သောင် ကူးတက်သွားကြပြီ၊
- အချို့ဘုရားရှင်နှင့် မလှမ်းမကမ်း နိဗ္ဗာန်နန်းမြန်းပြီး ဖြစ်သွားပြီ။
- အချို့ဘုရားနောက်တောက်လျှောက်လိုက် ဘုရားရှိရာဆိုက်သွားကြပြီ။

ယခုတိုင်လည်း သတင်းမေးလိုက်သွားကြသူများကား တဖွဲဖွဲ၊ အထဲဝင်သွားကြပြီ။

ထောက်ပို့တပ်ကဲ့သို့ ပီတိအသွားတပ် သဒ္ဓါဓါတ်အားကောင်းသူ ပစ္စည်းဝန်ထမ်းများကား ဟိုတစ်··ဒီတစ်၊ တစ်ချည်းဖြစ်နေကြတော့ရာ··· ထောက်ပို့ ဖြစ်နေကြသဖြင့် ရာထူးတိုးနေးကြလေသလား။ ရာထူးတိုးမြှင့်ပေးမည်ကိုပင် မလိုချင်သေး၍ လျှောက်လွှာတင်ထားကြလေသလား။ ဤအချက်များကား ဝိသာခါ၊ အနာထပိဏ်တို့အတွက် စဉ်းစားစရာလေးများပင်။

http://www.dhammadownload.com

"ဒါနနဲ့သီလ သဘာဝကပင် နိမ့်မြင့်ဆင့်ဖွင့်ထားလေသလား"

နေမိမင်းကြီး အိပ်ရာထဲ အတွေးဝဲနာကျနေချေရာ သိကြားမင်း ကိုယ်တိုင် လာရောက်ကုပေးရဆို၏။ ယင်းမှာ • •

* ဒါန အစွဲဝင်ပစ္စည်းများကို ပြန်လည်စွန့်လွှတ်ခြင်းနှင့်

* သီလအစွဲပါဝင်မည့်ပစ္စည်းများ(ဝတ္ထုများ)ကို လက်သင့်မခံခြင်း

သည်နှစ်ခုဘယ်ဟာက ပို၍မြတ်လေသနည်း ဟူ၍ပင်။

နေမိမင်းကြီး ထိုအတွေးကြောင့်ပင် အိပ်မရစေခဲ့ပါ။ တွေးတိုင်း၊ တွေးတိုင်းလည်း သူကပိုသလိုလို၊ သူက မောက်သလိုလို ထိုလိုလိုကြောင့်ပင် အဖြေကား အလိုကျမရပြီ။ ခေါင်းခဲရပြီ။ ထိုစဉ် သိကြားမနေသာတော့ရာ နေမိမင်းကြီးထံချက်ချင်းရောက်လာပြီး ဒါနထောက်ပံ့ရသော မိမိကား ယခုသိကြားဘဝဖြင့်ပင် ဒုက္ခမျိုးစုံခံရနေဆဲဖြစ်၏။ အကျွန်ုပ်အထောက်အပံ့ဖြင့်ကျင့်သော ရသေ့များကား သီလအရာတည်များဖြစ်ကြပါသဖြင့် သေလွန်သောအခါ ဗြဟ္မာ့ပြည်တက်သွားကြရာ မည်သည့်ဘုံမည်သို့ခံစားနေကြရသည်ဆိုသည်ကို

http://www.dhammadownload.com



အကျွန်ုပ်မော့ကြည့်၍ပင် မမြင်နိုင်လောက်အောင်ပင်မြင့်မားသော ဘုံများရှိရာသို့ သွားရောက်ခံစားနေကြရပါ၏။

သို့ကြောင့် ဒါနထက် သီလက မြင့်မြတ်ပါကြောင်း ယုံမှားမရှိမှတ်တော်မူပါလော့။

ဤသို့လျှင် လာရောက်ဖြေရှင်းပေးခဲ့ရဘူး၏။ စဉ်းစားစရာပင်။

* ဒါနကား အိုးလုံးဆွဲ ခွက်လုံးဆွဲ ငွေကြေးပစ္စည်းများကလည်း သောက်သောက်လဲ၊

* သီလကား သတိတစ်လုံးတည်းဖြင့် (စိတ်ထွက်လျှင် အစောင့်အရာထား။ အာရုံဝင်လျှင် စည်းအရာထား) စောင့်စည်းပေးရုံလေးမျှသာ၊ သို့ကြောင့်・・

ဒါနကား လဲမှို့အရာ၊ သီလကား ခံအရာ တည်နေကြပေလို့ပဲလား။

တစ်ဖန်ဒါနကား ကိုယ်မှတခြားပြင်ပထားများကိုသာ၊ ယင်းပြင်ပထားများသည်ပင် သာမန်များ၌ ပစ္စည်းမျှသာ၊ မယား။ သားသမီးပြင်ပထားများပင် မပါကြပါ။ သီလကား မိမိစိတ်ကလေးကို ဘုရားစထား အာရုံဟောင်းကျက်စားကြား သတိတည်းဟူသော ဒုတ်လုံတံမြှောက်လျက်က ကျောင်းပေးကြရသဖြင့် "ဥပုသ်နေ့ကျ ကျောင်းသွားကြမည်"စကားတွင်လာရာ・・စိတ်လွှတ်မထားရခြင်း။ အာရုံများအဝင်မခံရခြင်း။ မေ့လျော့မက်၍မနေရခြင်းများဖြင့် ・・စိတ်အပြင်ကိုယ်ရောနှုတ်ပါကျင့်ရရာ ကိုယ်နှင့်ရင်းသော အတွင်းထားကျင့်စဉ်များပင်။ ယင်းအတွင်းထား ကျင့်စဉ်များ၌ပင် သာမန်ဆိုသူများသော်မှ ကံသုံးစုံအကုန် "စည်း"လုံကြရ၏။ အထူးများကား ထူးသလောက်ထူးနေပြီ။

ဤကွာခြားချက်များကပင် အဆင့်နိမ့်မြင့်ဖြစ်လာလေရော့သလား စဉ်းစားစရာပင်။

* ဒါနသည် ပြင်ပပစ္စည်းလျှင် သူ၌အရင်းအနှီးရှိ၏။

http://www.dhammadownload.com



* သီလသည် ကိုယ့်ကိုကိုယ်ပင်လျှင် သူ့ဥ္စာအရင်းအနှီးရှိ၏။

ထိုဒါနနှင့်သီလတို့သည် ခရီးသွားလာရာတို့၌ စီးနင်းကြရသော ဘယ်ညာနှစ်ဖက်ရှိ ခံ့ဖိနပ်တစ်ရံပမာ နှစ်ခုပေါင်းမှ လမ်းတစ်ကြောင်းသား၊ ထိုစဉ်‥ တိရစ္ဆာန်လောကသားများကျင့်သုံးကြသော ငါရ•ဘယ်သူမှမမျှဆိုသော တစ်ကိုယ်ကောင်းဆန် စရိုက်မျိုးဖြင့် သူတစ်ဖက်သာတွန့်တိုခြင်းများကို ဒါနက ဖွင့်လှတ်ပေး၊ တိရစ္ဆာန်လောကသားများလေ့ဖြစ်သော ငါကောင်းပြီးရောဆိုသော တစ်ကိုယ်ကောင်းဆန်ညဉ်ဆိုးဖြင့် သူတစ်ဖက်သားအနိုင်ကျင့်ခြင်းများကို သီလကစောင့်စည်းပေး။

နှစ်ခုပေါင်းသော် ငါစွဲဒိဋ္ဌိအားကြီးမားသော စရိုက်ညဉ်များကို ဖွင့်လှတ်စောင့်စည်းပေးထားခြင်းဖြင့် မေတ္တာတရား ထွန်းကားလာရန်ပင်။ ထိုသို့ စရိုက်နှိပ်စက် ညဉ်သတ်(ဒါန၊ သီလ) နှစ်မျိုးရှိရမြဲတွင်‥‥

(က) အချို့ကားဒါနကို အရင်းခံထား၊ သီလကား အရံအကျွမျှသာ အလှူကြီးခြိမ့်ခြိမ့်သဲပေးပြီး ရေစက်ချကာနီးမှ သီလယူပမာ ပုံတည်း

(ခ) အချို့ကား သီလကို အရင်းခံထား၊ ဒါနကားအရံ အကျွမျှသာ သီလယူခါနီးဒါနဆန်ဟူ၍ တစ်ဆုပ်တစ်ဖွဲ့ ပါဝင်ပေါင်းစပ်ရရုံ ပမာတည်း။

ထိုစဉ်‥

ဒါန အရင်းခံသမားများကား ဗိမာန်ပေါ်တက်၊ လေ့ခါးဆယ်ထစ်တွင် ပထမအထစ်ပမာသော ဒါနဖြင့်သာ ရပ်တွေကျန်နေရစ်တတ်ခဲ့ပြီ။ သီလအရင်းခံသမားများမှာမူကား သတ်စရာ၊ ခိုးစရာစသည့် လိုချင်စရာကမဝတ္ထုများနှင့် ပက်ပင်းတွေ့အခွင့်ရေးရ လိုတိုင်းကျသော်မှ ပြင်ပဝတ္ထုများကိုကား မသတ်၊ မိမိစိတ်၌ရစ်ပတ်လာသော ကိလေသာကို စောင့်စည်းသတ်ဖြတ်နေခြင်းကြောင့်

http://www.dhammadownload.com



ယင်းတို့အားဘေးမဲ့ပေးခြင်း "အဘယဒါန"လည်း ဖြစ်နေပါပြီ။ သတိဖြင့် စောင့်စည်းကာတည်းကပင် ဝိရတီသီလလည်းအရာဝင်နေပါပြီ။

သည့်အတူ သူ့အာရုံမှ အလွတ်ထွက်လိုက်ခြင်း နိက္ခမ၊ သည်းခံခြင်း ခန္တီ၊ တန်းတူထားခြင်း မေတ္တာ၊ မကျူးလွန်အံ့ဆုံးဖြတ်သော သစ္စာ၊ ထိုအာရုံ ပေါ် ဥပေက္ခာပြုလိုက်ခြင်း ဥပေက္ခာ၊ စိတ်ဓါတ်ကြံ့ခိုင်စွာထားခြင်း အဓိဋ္ဌာန်၊ ရဲရင့်ပြတ်သားခြင်း ဝီရိယ၊ သူလည်းငါ့လို ငါလည်းသူလို ဟူ၍ မြင်သိလာရခြင်း ပညာများကပါ ဝိုင်းအုံစုဝေးလာကြတော့ရာ လေ့ခါးဆုံး ဝုန်းခနဲဝင်ပမာ ဘယ်ညာအစုံခုံဖိနပ်ဖြင့် နိဗ္ဗာန်အရပ် ကပ်မိသွားစေသည်။

ဒါနသည် ပါရမီတစ်မျိုးတည်းဖြင့် ဘယ်ညာ၊ဘယ်ညာ၊ ခုန်ဆွ၊ ခုန်ဆွ လုပ်နေသူပမာ၊

သီလသည် ပါရမီအလုံးအရင်းဖြင့် ဘယ်ညာ၊ဘယ်ညာ အပြေး နင်းနေသူ ပမာ၊

သို့ကြောင့်

ဒါန အဓိကသမားသည် ငွေကြေးဖြစ်က ဘဏ္ဍာဝန်အရာ၊ အစား အသောက်ဖြစ်က စားတော်ဝန်အရာ၊ ထောက်ပို့အဖြစ်ဖြင့် နိဗ္ဗာန်အဆင့်ဆင့် ဆင့်တက်၊ သီလအဓိကသမားသည် ငွေကြေးအစားသောက်နှစ်ရပ်စလုံး၌ပင် ဘုရင်အရာ၊ ရှေ့တန်းတပ်အဖြစ်ဖြင့် နိဗ္ဗာန်အဆင့်ဆင့်၊ တစ်ချီတည်းနှင့် ဖွင့် တက် • တက်၊ ဘဏ္ဍာဝန် စားတော်ဝန်ကား ပစ္စည်းထိန်းသိမ်းရ၏။ မစားရ။ ဘုရင်ကား ဘာပစ္စည်းမှ မထိန်းမသိမ်း။ စားသုံးချိန်က လိုသလိုရ။

ဤအချက်များကြောင့်ပင် ဝိသာခါ အနာထပိဏ်တို့ ထိန်ကျန်ရစ် လေသလား။ စဉ်းစားစရာပင်။

ဘုရင်သို့မဟုတ် ဘုရင့်သားတော်သမီးတော်အရာဝင်များဖြစ်ကြ လေသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မခေမာ၊ အရှင်မ

http://www.dhammadownload.com



ဉပ္ပလဝဏ် စသည်များကား • • •

* ငွေကြေးများလုံးဝ မကိုင်ကြရပါ။ သို့သော် သုံးချိန်ကျ အဆင်သင့်။

* စားနပ်ရိက္ခာများ လုံးဝမစုဆောင်းကြရပါ။ သို့သော် အချိန်ကျ အဆင်သင့်။

ထို ဝိသာခါ၊ အနာထပိဏ်တို့ကော၊ ငါတို့လည်းပဲ သူတို့လို အဆင့် အဘာဘုရားနှင့် ရင်းရင်းနှီးနှီးဆုံခွင့်ရတုန်း တိုးမြှင့်မည်ဟူ၍ ယတိပြတ် ဆုံးဖြတ်ပြီး၊ သူတို့ကျင့်သလိုကျင့် သူတို့ပွင့်သလိုပွင့်၊ သူတို့အဆင့် မဝင်နိုင်ဘူးလား။

မဝင်ချင်တာလား၊ ဝင်ခွင့်မရကြတာလား၊ စဉ်းစားစရာပင်။

http://www.dhammadownload.com

http://www.dhammadownload.com

## တွေးရခက်သော စဉ်းစားစရာများမှာ

ဝိသာခါသည် ယောက္ခမ မိဂါရ စသူများနှင့် တိုက်ပွဲကြီး အကြီးအကျယ်ဝင်ရသည်အထိ လက်ရှိဥပုညခေါ် ကောင်းမှုအစုစု သူပြု၏။ တစ်ဖန် ဘုရားသခင်နှင့် သံဃာအား မပြတ်ဆွမ်းပင့်ကပ်၏။ အာဂန္တုဆွမ်းဝတ်တည်နှင့် ရေသနပ်(ရေလဲသင်္ကန်း) လှူခွင့် စသည်ဆုများလည်း တောင်းခံ၍ သူမတူအောင် ပြုကျင့်၏။

အမျိုးသမီးထဲတွင် သဒ္ဓါတရားအကောင်းဆုံး။

ဤဘွဲ့ထူးမြတ်ကြီးကို ရရှိထားသူဖြစ်၏။ သို့တိုင်လည်း နာမည်ဥကား လင်ယောက်ျားဥသာ ထင်ရှား၏။ ပုညဝမုဏာသတို့သား။ ကောင်းမှုများကြီးပွားတိုးတက်နေသောသတို့သားတဲ့။

ကောင်းမှုပြုတော့ ဝိသာခါ၊ နာမည်ခံတော့ လင်ယောက်ျား ကဲ····တွေးရ မခက်လား။ တကယ်ဆို···မယားနာမည်က ပုညလက္ခဏာဒေဝီ၊ လင်က ဝိသာခဆိုတော်သေး။ ယခုခေတ် ကောင်းမှုမပြုသူက မပြုဘဲနှင့်

http://www.dhammadownload.com



နာမည်ရ၊ ပြုသူက ပြုသာပြုရ ပစ္စက္ခ၌ နာမည်မရရှာပါ။ သို့ဆိုသော် မယားပြုသောအမှု လင့်တွက်တာစုပေးနေခြင်းများဖြစ်လေမလား။ စဉ်းစားစရာပင်။

ထိုမှတစ်ဆက်တည်း နောက်ကြောင်းလှန်ပြန်စဉ်းစားကြည့်လိုက်ဦး။

ဝိသာခါဆိုတာ . . . ဗိမ္ဗိသာရမင်းကြီးပိုင် အင်္ဂတိုင်းဘဒ္ဒိယမြို့ဖွား ဖြစ်ပြီး ဖခင်ကား ဓနဥ္စယသူဌေး၊ မိခင်ကာ သုမနဒေဝီတည်း။ အဘိုးကား မေဏ္ဍက၊ အဘွားကား စန္ဒပဒုမတည်း။ သို့တိုင်လည်း ထိုတိုင်း၊ ထိုမြို့တို့၌ကား အရွယ်မရောက်မီများသာ နေခွင့်ရစေပြီး အရွယ်ရောက်သည်နှင့် မောင်ပုည ရှိရာ သာဝတ္ထိပြည်သို့ ပြောင်းရွှေ့လာခဲ့ရ၏။ သာကေတဆိုသော မြို့သစ်တည် ၍ မောင်ပုညအလာစောင့်ကြိုနေရ၏။ မောင်ပုညလည်း အရွယ်ရောက်ပြီ။ သို့နှင့် မောင်ပုညအတွက် ကောင်းခြင်းငါးဖြာလက္ခဏာကို တတ်ကျွမ်းသော ပုဏ္ဏားရှစ်ဦးတို့ကို

✱ သတို့သမီးအားနှင်းအပ်ရန် ရွှေပန်းကုံးကား . . တစ်ကုံး။

✱ သတို့သမီးရှင်အားပေးအပ်ရန် လက်ဆောင်ပစ္စည်းများကား တတုံးတန္နန်း။ ပေးအပ်လျက်က ဖခင်မိဂါရပုဏ္ဏားက အရှာအဖွေလွှတ်လိုက်၏။

ပုဏ္ဏားရှစ်ဦးသည်လည်း ဤမှာခေတ်လို ဆိုင်ရာသူ့သံရုံးဝင်ခြင်း၊ ပြည်ပဝင်ခွင့်လက်မှတ်များတောင်းရခြင်း၊ မှတ်ပုံတင်ကဒ်ကိုင်ဆောင်ကြရခြင်း၊ လူဝင်မှုကြီးကြပ်ရေးရုံးဝင်အစစ်မခံရခြင်းစသည် အခွင့်ထူးများကြောင့် ထင်၏။ ပြည်တကာ့ပြည် တိုင်းတကာ့တိုင်း စုံတကာစေ့အောင် လှည့်လည်ရှာဖွေကြ၏။ သို့ချိန်တိုင်လည်း ကောင်းခြင်းငါးဖြာရှင်က မတွေ့ကြရ။

ကောင်းခြင်းအတွက် ကောင်းခြင်းများကား

၁ ။ ဆံ၏ကောင်းခြင်း။ ။ ယင်းကား ဖြန့်ချလိုက်လျှင် ခြေဖျား

အထိရောက်ရသည့်အပြင် ထိုမှကော့တက်လျက် အထက်ထောင်တက်နေခြင်းပင်။

၂ ။ အသား၏ ကောင်းခြင်း။ ။ ယင်းကား နှုတ်ခမ်းများနီရဲနေကာ အထက်အောက်ထိစပ်နေခြင်းပင်။

၃ ။ အရိုး၏ကောင်းခြင်း။ ။ ယင်းကားသွားများ ခရုသင်းကဲ့သို့ ဖြူဖွေးနေပြီး တစ်ချောင်းနှင့်တစ်ချောင်း ကျဲမနေဘဲ ညီညီညွတ်ညွတ်တည်ရှိနေခြင်းပင်။

၄ ။ အရေ၏ကောင်းခြင်း။ ။ ယင်းကား အသားညိုသူဖြစ်ခဲ့လျှင် ပြုပြင်စရာမလိုဘဲ အသားအရေပြေပြစ်ချောမွေ့ကာ ကြာညိုပန်းကဲ့သို့ အရောင်စိုရွှန်းတောက်ပနေခြင်းပင်။ တစ်ဖန် အသားဖြူသူဖြစ်ခဲ့လျှင်ကား မဟာလေကားပန်းပွင့်ကဲ့သို့ ဝင်းဝါနေခြင်းပင်။

၅ ။ အရွယ်၏ကောင်းခြင်း။ ။ ယင်းကားသားသမီးဆယ်ကြိမ်မွေးပြီးသည့်ဖြစ်ပစေ နဂိုရေအသွင်ကဲ့သို့ အရွယ်ရောအဆင်းပါ ယုတ်လျော့မသွားခြင်းပင်။

ပုဏ္ဏားများသည် ဤအင်္ဂါအချက်အလက်များဖြင့် လိုက်လံရှာဖွေကြရာ လူများသာ ဖတ်ဖတ်မော အင်္ဂါစုံအကုန်ချောကား ရှာလေဝေးလေသာ။

* အချို့ • • တစ်ခုကောင်းလောက်တော့ အကြိုက်တွေ့၏။ စေ့စေ့ကြည့် နောက်ထပ်မဟာပ်မိ။

* အချို့ • • နှစ်ခုကောင်းသုံးခုကောင်းအထိ တက်လာ၏။ ရှေ့ဆက်လိုက် မကြိုက်။

* အချို့ • • လေးခုလောက်အထိ ပြည့်စုံ၏။ နောက်တစ်မျိုးတိုး စံချိန်အချို။

ပြည့်စုံသောကောင်းခြင်းငါးချက်ကား နတ်ပြည်တက်ရှာရမလိုဖြစ်လာချေပြီ။ သို့နှင့် • • • ပုဏ္ဏားရှစ်ယောက်တို့ စိတ်ပျက်လက်ပျက်ဖြင့်ပင်

http://www.dhammadownload.com



သာကေတမြို့အနီးရှိ ဇရပ်တစ်ခုအပေါ် တက်ရောက်ထိုင်လိုက်ကြ၏။ စိတ်ခါတ် ကျတို့၏ လက္ခဏာအတိုင်း ထိုပုဏ္ဏားများတွင် အချို့ကားပစ်လှဲအိပ်လိုက်ကြ၏။ အချို့ကား ဒူးနှစ်လုံးလက်ပိုက်လျက်က ငိုင်နေကြ၏။ အချို့ကား အဓိပ္ပာယ်မဲ့ ငေးနေကြ၏။ ထိုစဉ်…

မောင်ပုညအတွက် ဝိသာခါကပင် ထွက်လာခဲ့ရပါသည်။ မောင် ပုညအကြိုက်ကျကောင်းခြင်းငါးဝကိုလည်း တစ်ပါတည်းလာပြရပါသည်။ ထိုနေ့ ကား နက္ခတ်ပွဲသဘင်နေ့ဖြစ်ရာ ဝိသာခါသည် နက္ခတ်ပွဲရေကစားရန်အတွက် ဆိုရာ အဖော်မငါးရာတို့နှင့်အတူ ရေကန်ရှိရာသို့ ထိုဇရပ်ရှေ့ကပင် ဖြတ်သန်း သွားပြခြင်းပင်ဖြစ်သည်။ သို့နှင့် ပုဏ္ဏားတို့စိတ်ကြိုက်စစ်၊ စစ်သလောက်စစ်၏။ သို့နှင့် ပုဏ္ဏားတို့ စိတ်ကြိုက်ကြည့်••ကြည့်သလောက်မိ၏။

ထိုမှနောက် ရွှေပန်းကုံးပေးအပ်ခြင်း။ ဖခင်ထံရောက်ခြင်း။ မိဘမျိုးရိုး ကိုးကွယ်ရာ ဘာသာ၊ ကြွယ်ဝသောစနေ၊ အရွယ်ပမာဏအထိ ဖခင်က စစ်မေးပြီး လက်ခံသည့်အကြောင်း သတင်းကောင်းပါလိုက်၏။ ထိုစဉ်က မောင်ပုည၏ဖခင် မိဂါရ၏ ကြွယ်ဝခြင်းက ကုဋေ ၄၀ မျှသာ၊ ဝိသာခါမ၏ ဖခင် ဓနဥ္စယ၏ ကြွယ်ဝခြင်းကား ကုဋေပေါင်းများစွာ တုမန္ဒိုင်းသာ။ သို့ကြောင့်…

မင်္ဂလာပွဲကျင်းပရာ လေးလအတွင်းတိုင်အောင်ကာလ အရပ်ရပ် ကုန်ကျသမျှ ဝိသာခါတို့သားအဖက ကျခံနိုင်ကြရာ မောင်ပုညက သတို့သမီး တောင်းယုံစံမျိုးမဟုတ်တော့ဘဲ ဝိသာခါမ၏ဖခင်က သတို့သမီးထိုးအပ်ပွဲပုံစံမျိုး ပေါက်နေတော့၏။ သို့ဆိုသော် သူဌေးသမီးဆင်းရဲသားဗြားရာဥ္စ ဘုန်းကံခေါ် ပုညကံကား မည်သူ့ဥ္စ တည်လေသနည်း။ စဉ်းစားစရာပင်။

တစ်ဖန် မင်္ဂလာပွဲကြီးကား လေးလတိုင်ဆင်နွှဲ၍ ပြီးသွားပြီ။ ထိုစဉ် အာဝါဟမင်္ဂလာကဲ့သို့ သတို့သမီးထံအပ်နှံရခြင်းမဟုတ်ဘဲ ဝိဝါဟမင်္ဂလာအဖြစ် ဖြင့် သတို့သမီးကိုလျှင် သတို့သားထံအပ်နှံလိုက်ရခြင်းဖြစ်ရာ မောင်ပုညနောက်

http://www.dhammadownload.com



လိုက်မည့် ဝိသာခါနှင့်အတူ ကိုးကုဋေတန် မဟာလတာဝတ်ရုံကြီးလည်း ပါသွား၏။ မပြီးသေး။ သူမနောက်မှ ငွေသားတင်လှည်းပေါင်းငါးရာ၊ ရွှေအိုးရွှေခွက်တင် လှည်းပေါင်းငါးရာ၊ ငွေအိုးငွေခွက်တင် လှည်းပေါင်းကလည်းငါးရာတို့အပြင် ချည်ထည်ပိုးထည်လှည်းများ။ ထောပတ်ဆီသလေးဆန် စသည့်စားသောက်ရိက္ခာများနှင့် ထွန်တုံးထွန်သွား စသည့်လယ်လုပ်ကိရိယာများတင်လှည်းများ။ အားလုံးလည်း ငါးရာစီပင်ဖြစ်ကြ၏။ ထို့ပြင် အပျိုရံများ(အခြွေရံများ)အဖြစ်ဖြင့် ဝတ်စားတန်ဆာပြည့်စုံစွာ ဝတ်ဆင်ထားသော အမျိုးသမီးသုံးဦးစီပါ လှည်းများကလည်း ငါးရာဖြစ်ရာ အမျိုး အခြံအရံတစ်ထောင့်ငါးရာ ပါသေး။

တစ်ဖန် ဝိသာခါအတွက် နွားများကိုလည်း လက်ဖွဲ့ပြန်ရာ နွားတန်းရှည်ကြီးကား အကျယ်ပေနှစ်ရာ၊ အလျားကိုးမိုင်အထိပါသွား၏။ ထို့နောက်တားမရဆီးမရ လိုက်ပါသွားကြသော နွားမကြီးများကပင် ခြောက်သောင်းအထိများပြား၏။ သည်မျှ မကသေး။

ဖခင်ဓနဉ္စယပင် ပြောစရာမလိုဘဲ သူ့အလိုလို ကျေးကျွန်အမှုပြုလုပ်ရန် လိုက်ပါသွားသူများလည်း သာကေတမြို့တွင် ဆင်ခြေဖုံးရှိကျေးရွာတစ်ဆယ့်လေးရွာစလုံး ရွာလုံးကျွတ်လိုက်ပါသွားကြသေး။ တစ်ဖန် သမီးဝိသာခါ စီးနင်းသော ယာဉ်ထက်သို့ မောင်ပုညအိမ်ရောက်လျှင် အလုပြင်ရန်အတွက်ဆိုကာ ရေချိုးဆပ်ပြာမှုန့်ဖိုး နံ့သာဖိုးအဖြစ် ကုဋေ၅၄(ငါးဆယ့်လေး)ကုဋေတင်ပေးလိုက်ရသေး။

အထက်ဖော်ပြပါ ငွေလှည်းငါးရာမှသည် နံ့သာဖိုး ၅၄ကုဋေတိုင်အောင်သော ပစ္စည်းများနှင့်အတူ ကိုးကုဋေတန် မဟာလတာ ဝတ်ရုံကြီးဝတ်လို့ အကျအနအလှပြင် မောင်ပုညရင်ခွင် ထိုးအပ်လိုက်ရခြင်းကား • • •

* ဝိသာခါ၏ ကောင်းကျိုးအင်အားပြလေလား။ သို့တည်းမဟုတ်

* မောင်ပုည၏ ကောင်းကျိုးအင်အားပြလေလား။ စဉ်းစားစရာပင်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထို့နောက်မှ ဝိသာခါသည်‥

* မိမိပါလာသော ငွေကြေးခနများဖြင့် မောင်ပုညအားပြုစုယုယပေးရ၏။

* မိမိပါလာသော အခြွေအရံကျေးကျွန်များဖြင့်ပင် မောင်ပုညအားလုပ်ကျွေးမှု ပြုရ၏။

ထိုမှနောက် မောင်ပုညပေးသော သန္ဓေသွေးများဖြင့်ပင် သားဆယ်ယောက် သမီးဆယ်ယောက်ဖွားမြင်ပေးရသေး၏။ ယင်းတို့ကို ထောက်ဆ၍‥

* ကောင်းမှုအတု ယခင်ရေစယခုပါ ပြုစုနေသော ဝိသာခါမကိုပင် ပုညလက္ခဏာဒေဝီ အမည်ပေးက ကောင်းလေမလား။

* ယခု ဘာကောင်းမှုမှ မပြုသော လင်မောင်ပုည၏ ပုညဝဓုန သတို့သားအမည်ကိုပင် ပယ်ဖျက်ပစ်က ကောင်းလေမလား။ စဉ်းစား‥စဉ်းစား။

ဤကား စဉ်းစားစရာထဲ ဖြဝင်လာကြသော ဝိသာခါတို့အတွဲတည်း။

ယင်းတို့(ဝိသာခါတို့)အတွဲကဲ့သို့ပင် အနာထပိဏ်သူဌေးကြီးများအတွဲက ဝင်လာပြန်ပါပကော။ ထိုသူဌေးကြီးသည် အရောင်းအဝယ်ကိစ္စဖြင့် ရာဇဂြိုလ်ပြည်အရောက် ယောက်ဖတိုက်၌တည်းခိုနေစဉ်"ဘုရားပွင့်နေပြီ"၊ ယခု ရာဇဂြိုလ်မှာ ကြွရောက်နေပြီဆိုသော သတင်းစကား ထိုယောက်ဖထံမှ ကြားသိရရာ ဘုရားဖူးလိုဇောများ အားကြီးစွာ လှိုက်တက်လာတော့သည်။ နံနက်လင်းသည်နှင့် "အပြေးသွားဖူးလိုက်မကွ" ဆုံးဖြတ်ချက်ကြီးကလည်း တစ်ပြိုင်နက် လုတက်လာတော့သည်။ သို့နှင့်ပင် အိပ်ခန်းဆောင်ဝင်ခဲ့ရပါသည်။

ညဉ့်နက်သွား၍သာ အိပ်ရ‥ စိတ်က နံနက်ဘက်ထွက်ကြည့်နေသည်။ အပူအပုပ်ထိုး၍သာ အိပ်ရ‥‥စိတ်က မနိုးတစ်ဝက်နိုးတစ်ဝက်။ သို့ကြောင့် သန်းခေါင်ယံမှ မတိုင်သေး၊ လင်းပြီအထင်ဖြင့် ထကြည့်လိုက်ရာ ဘုရားမို၍ ဖြစ်ရသောပီတိဇောအားများ မပြတ်စဉ်ဆက်တစ်ခဲနက်သော အချိန်

http://www.dhammadownload.com



ကြောင့် တစ်ခန်းလုံးလင်းထိန်နေ၏။ မိမိအိပ်ခန်းမှ မဟုတ်၊ အပြင်ထွက်ကြည့်လည်း မိမိသွားရာအလင်းသာနေခြင်းကြောင့် လင်းထိန်လျက်သာ ရှိနေချေ၏။ ဗုဒ္ဓပီတိမှ ဖြစ်သော အလင်းတည်း။

သို့နှင့်ပင် လင်းပြီဟူ၍ စိတ်ချလက်ချယုံကြည်သွားတော့ကာ ဘုရားရှိရာသို့ အာရုံတန်း၍ လှမ်းထွက်ခဲ့၏။ သွားရာတိုင်း၌ပင် အလင်းကား လင်းလျက်ကသာ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်း၏အလင်းကြောင့်ပဲ လင်းလေသလား။ ပီတိက ပြည့်ဝစွာသာလွှမ်းနေခြင်းကြောင့်ပဲ လင်းနေသလား စဉ်းစားစရာပင်။

တစ်ဖန်လည်းလောကတွင်းအောင်း မြူမှုန်အပေါင်းခွာရှောင်းသွားတော့၍ လင်းလေသလား။ ခန္ဓာတွင်းအောင်း ကာမမှောင်အပေါင်း မသောင်းကျန်းတော့၍ လင်းနေသလား စဉ်းစားစရာပင်။

ထို့ထက် စဉ်းစားစရာကောင်းသည်မှာ မိမိတည်းခိုရာအိမ်၏ တိုက်တံခါး ခြံတံခါးများအဆင်သင့်ပွင့်နေခြင်း၊ မြို့တံခါးကြီးများကပါ ပွင့်ကြိုနေခြင်း တံခါးစောင့်တံခါးမှူးစသည်များအားလုံး မမြင်မသိကြခြင်းများပင်။ ယင်းသည်လည်း

* မိမိကိုယ်စောင့်နတ်နှင့် အပေါင်းအပါတို့၏ ထိုးဇာတ်ပေပဲလား။
* မိမိနောက်ကဖြည့်ခဲ့ဖူးရာ ဒါနပါရမီတို့၏ ညွှန်ကြားချက်ပေပဲလား။
* မိမိဖူးတွေ့လိုသော ဘုရားရှင်၏ တန်ခိုးတော်ကြောင့်ပေပဲလား။

စဉ်းစားစရာပင်။

သို့ဖြင့် ဘုရားရှင်ရှိရာသို့ အာရုံမှန်း၍တန်းသွား၏။ မြို့အလွန်တောစပ်သို့ရောက်လေသောအခါ လူသေကောင်များပစ်ထားသော သင်္ချိုင်းကုန်းများထဲမှပင် ဖြတ်ကျော်သွားရာ လူသေကောင်များကို အချို့နင်းမိ၊ အချို့ခွမိ အချို့ကျော်မိဖြစ်နေ၏။ ကြောက်စိတ်ဝင်လာပြီ၊ ပီတိစိတ်ထွက်သွားပြီ၊ အလင်းရောင်

http://www.dhammadownload.com



လည်း ပျောက်ကွယ်သွားတော့ပြီ။ သည်တော့မှ မလင်းသေးမှန်းသူသိရ၏။ အသံငြိမ်သက် ညဥ့်ကြီးနက်နေမှန်း သူသတိရလာ၏။

သို့ကြောင့် ••ရှေ့ဆက်သွားရ ကောင်းလေးမလား။ စိတ်ကဝင်ဆွ ခံရပြန်၏။

တစ်ဖန် သည်ကနေပြန်လှည့်ရကောင်းလေမလား။ စိတ်ကဝင်ဆွခံရပြန်၏။ မလင်းသေးတို့၏စိတ်နေစိတ်ထား(သောတာပန်ဉာဏ်အလင်းမရသေးသူများ၏ စိတ်ထား)ဖြစ်သော ဝိစိကိစ္ဆာအဟုန် ချီတုံချတုံစိတ်က ခံစားနေရခြင်းပင်။

ထိုစဉ် ထိုသင်္ချိုင်းအနီးရှိ ရက္ခစိုးနတ်မင်း မနေသာပြီ။ ထိုနတ်မင်းဦးစွာ အနာထပိဏ်၌ စိတ်ရဲတင်းစေသော အာတာပီ အပူရှိန်သွင်း ဝီရိယကပ်ယှဉ်လာစေရန် ချောင်းဟန့်သံပေးလိုက်၏။ ထို့နောက် လူ့အသွင်ဖန်ဆင်းပြီး ထို အနာထပိဏ်၏အနီး တစ်လှမ်းချင်းကပ်ချဉ်းလာခဲ့ပြီး••

"အမောင်•••အမောင်သွားမယ့်လမ်းကလည်း လမ်းကောင်းပဲ၊ အမောင်သွားမယ့် ကိစ္စကလည်း ကိစ္စကောင်းပဲ၊ အမောင်ပြုကျင့်မယ့် အလုပ်ကလည်း အလုပ်ကောင်းပဲ။ ဘာကြောင့် တွန့်ဆုတ်နေရသလဲ၊ သွားမြဲအတိုင်း ဖဝါးထားမြဲအတိုင်း စိတ်အတွဲညီညီချိတ်ပြီး စိတ်ချလက်ချသွားပါလေ အမောင်"

ထိုအနာထပိဏ်လည်း ပထမတွင်ငါ့မှာ အဖော်ရှိသည်ဆိုသော စိတ်ဝင်ရောက်အပူပေးခြင်းကြောင့် စိတ်ရဲတင်းလာ၏။ ထို့နောက် ကောင်းစကားဖြင့် အားပေးခြင်းကြောင့် ပြေးထွက်သွားသော ပီတိအားပြေးဝင်လာ၏။ ပီတိပြည့်ဝသည်နှင့် ပီတိလကလည်း သာမြဲသာချေပြီ။ သင်္ချိုင်းမှ ဖြတ်ကျော်ခဲ့ပြီး ဘုရားရှင်သီတင်းသုံးရာ တောအုပ်၏အနီးအပါး ရောက်လေသောအခါ အတွေးတစ်ခုဝင်လာပြန်ပေ၏။ ထိုအတွေးကား မလင်းသေးသူတို့၏ ဖြစ်မြဲသော ဝိစိကိစ္ဆာသံသယတွေးတည်း။

http://www.dhammadownload.com



"ဘုရားဆိုတာကကော ဟုတ်ရောဟုတ်ရဲ့လေလား။ အင်း• • ငါကလည်း ဘုရားဖြစ်ဖူးတာ မဟုတ်တော့ အတုအစစ်ဘယ်လိုခွဲသိရပါ့မလဲ" တွေး၏။ ဖြေဆေးကို မျှော်၏။ လူပြောများသော အထူးဖြစ်ခဲ့လျှင် • •ကြည့်လို မြင်လိုခြင်း။ ထိုအထူး၏ ရုပ်ပြသံဆင်း မျက်စိနှင့်နားတို့၏ ချဉ်ခြင်းကို ပြည့်ဝစေလိုခြင်း ဟူသော၊ တဏှာအရင်းခံ သဒ္ဓါအရံဖြင့်လာရာမှဖြစ်သော သံသယ အတွေးများ။

နောက်ဆုံး ထိုအတွေး၌ဆုံးဖြတ်ချက်ဖြင့် အဖြေပေးလိုက်သည်။ ယင်းကား • • •

"အကယ်တိတိ• •ဘုရားအစစ်ဖြစ်ခဲ့ပါမူ ငါ့နာမည်အရင်းကို ခေါ်ပါစေ" ဟူ၍ပင်။

ထိုအချိန်ရှင်တော်မြတ်ဘုရားကား စင်္ကြံကမ္ဗဒြာန်းဖြင့်ပင် အချိန်ကို ကုန်လွန်နေစေချိန်ဖြစ်၏။ ထိုဘုရား မိမိသို့ ဦးတည်လာနေသော လူသားတစ်ဦးကို အဝေး၏အနီးမှပင် မြင်တွေ့တော်မူချေရာ• •

"သုဒတ္တ• •သည်မှာ လာလော့"

ဟုတ်ပြီ ဒါမှ ဘုရားအစစ်၊ မှန်ပြီ ဒါမှ တကယ့်ဘုရား။

အနာထပိဏ်သည် ဤသို့ပင် ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်၏။ မနီးမဝေးရှိနေသော မိမိကိုယ်ကိုလည်း သွက်သောခြေလှမ်းများဖြင့် ဘုရားရှင်ရှိရာသို့ ပို့ပေးလိုက်၏။ အတိတ်စွဲ သဒ္ဓါထက်အဆအမောင်းအားကောင်းသော သဒ္ဓါစိတ် သူ့မှာထိုးဟပ်လာချေပြီ။

ဘုရားရှေ့မှောက်ရောက်သည်နှင့် ထိုအနာထပိဏ်ဝမ်းသာအားရ ထိခြင်းကြီးငါးဝတို့ဖြင့် ဂါရဝပြု၏။ ဂါရဝပြုပြီးလျှင်ပြီးချင်း စကားချင်းစေ့စပ်ကြောင်းလမ်းရာဖြစ်သော သို့မဟုတ် တစ်ဖက်စကား မိမိနားသို့ လာခွင့်သာရန် ရေလာမြောင်းပေးအရာဝင်(ပဋိသန္ထာရ)နှုတ်ဆက်စကားတစ်ခွန်းပြောကြား၏။

http://www.dhammadownload.com



ယင်းမှာ•••

"အရှင်ဘုရား• ချမ်းချမ်းသာသာ အိပ်ရနေရပါရဲ့လား"ဟူ၏။

ထိုနှုတ်ခွန်းဆက်စကားကလည်း ရာဂဇိစီးရလိုမှုအားကြီးသူတို့၏ ဖြစ်မြဲသော စိတ်မသက်သာ ကိုယ်မှာနွမ်းရိနေရခြင်းကို မိမိနှင့်ကိုယ်ချင်းစာထား ပြောကြားသော နှုတ်ခွန်းဆက်စကား။

ထိုရာကနောက် ခြေရာကောက်၍ တောက်လျှောက်နင်းလိုက်လာ မြဲသော သောကနှိပ်စက် စိတ်အပူမိကိုယ်မချိခြင်းများကို မိမိနှင့်တန်းတူထား ပြောကြားသော နှုတ်ခွန်းဆက်စကား။ သို့မဟုတ်••မိမိခံစားရသလို မခံစားရပါ စေနှင့် ဆုတောင်းထွက် နှုတ်ဆက်စကားပင်။

ယင်းအချက်ကို ဘုရားရှင်ကွင်းကွင်းကွက်ကွက် သဗ္ဗညုတဉာဏ် ကွန်ရက်တွင်းမှနေ မြင်သိတော်မူ၏။

"အင်း•••ဒင်းမှာဖြစ်သောရောဂါ နှုတ်ဆက်ကာထားဖြင့်မေးလာနေမှ ကိုး"

"အေး••ငါကောင်အနေ၊ ငါ့ဥစ္စာအနေဖြင့် တဏှာဒိဋ္ဌိတို့၏ အငြိအစွဲကင်းသူတိုင်း ချမ်းချမ်းသာသာ အိပ်ကြနေကြရသည်ချည်းပဲ"

ထိုပြန်လှန်နှုတ်ခွန်းဆက်စကားကြားလိုက်ရသည်နှင့် ထိုအနာထပိဏ်သောတာပန် အရာသို့ ချက်ချင်းချဉ်း၍ ချက်ချင်းသောင်းဖြစ်သွားစေခဲ့ပါပြီ။ သဒ္ဓါပါ ပညာ လာရန် မခဲယဉ်း။ ထိုမှနောက် သောတာပန်တို့ ပယ်မြဲသော သံယောဇဉ်တရား ကိုယ်ငါးပါးပယ်ပြီးသားဖြစ်သွားသည့်အလျောက် စိတ်သည်ဖြူစင်နေတော့ရာ အဝစ္စပသာဒခေါ် မပျက်သောယုံကြည်ခြင်းသဒ္ဓါစစ်ဖြစ်သွားပြီ၊ ကိုယ်ပိုင်ရ သဒ္ဓါ ထူးတည်း။ သို့ကြောင့်၊

၁။ ဒိဋ္ဌိသံယောဇဉ်ကင်းသူပီပီ အများလည်းသူ့လို ဖူးစေလို နာစေ လိုခြင်း။

http://www.dhammadownload.com



၂။ ဣဿသာသံယောဇဉ်ကင်းသူပီပီ အများလည်း ကိုယ့်ထက်စွာ အသာဖြစ်စေလိုခြင်း။

၃။ မစ္ဆရိယသံယောဇဉ်ကင်းသူပီပီ အများလည်းကိုယ်နှင့်မကွာ တစ်ပါတည်းပါစေလိုခြင်း။

၄။ သီလဗ္ဗတသံယောဇဉ်ကင်းသူပီပီ သစ္စာနှင့်မဂ္ဂင်အားလုံးဖြစ်ပျက် မြင်ဖြင့် လမ်းတွင်တက်စေလိုခြင်း။

၅။ ဝိကိကိစ္ဆာသံယောဇဉ်ကင်းသူပီပီ ရတနာသုံးရပ်တို့၏ အငြိမ်း ဓါတ် မိမိ၌ အမြဲထိဟပ်နေစေလိုခြင်း။

ဤသို့သော စိတ်ဖြူများ တဖိတ်ဖိတ်တလက်လက်ရင်တွင်းဘက် ထွက်ပြူလာရာ မိမိတိုင်းပြည်သို့အမြဲသီတင်းသုံးရန် ပင့်ခဲ့၏။ ကျောင်းဆောက် လှူ၏။ အနာထပိဏ်အကြောင်းပြု၍ သာဝတ္ထိပြည်သူပြည်သားတို့ အခွင့်ထူး များရသွားခဲ့ကြပြီ။ အချို့ ရဟန္တာ၊ အချို့ အနာဂါမ်၊ အချို့သကဒါဂါမ်၊ ယုတ်စွ အဆုံး အသက်၁၂နှစ်၊ ၁၃နှစ် သားသမီးလေးများပင်လျှင်သောတာပန်ဖြစ်စေ ခဲ့ကြပြီ။ အနာထပိဏ်မှာမူကား ·· လေးတောင်မျှရှည်သော ခေါင်းပေါင်းပုဝါ စတစ်စဝယ် တစ်ဝက်သာဖြူစွာဖွပ်လျှော်နိုင်ခဲ့ပြီး ကျန်တစ်ဝက်အမည်းသက် သက်ဖြစ်လျက်က ပမာ။

သံယောဇဉ်တရား ကိုယ်ဆယ်ပါးတို့တွင် ငါးပါးမျှသာပယ်နိုင်သေးရ ကား အထက်မှာဘုရား၊ လက်မှာမယား၊ အောက်မှာကား သားသမီးကျေးကျွန် အများအပြား ထိုအကြားကိုယ်ထားခေါင်းလှည့်၊ ဖြူတစ်ခါမည်းတစ်လှည့်ဖြင့် ဝဲလှည့်နေရဆဲသာ၊ သို့တိုင်လည်း တစ်နေ့ဘုရားကျောင်းသုံးကြိမ်အမြဲသွား၏။ သွားတိုင်းသွားတိုင်းလည်း ပုညခေါ် ကောင်းမှုဘက်တစ်ခု၊ တစ်ခုကျ လက်ဝယ် ပါစမြဲ။

* နံနက်ဖြစ်ခဲ့မူ နံနက်နှင့်လိုက်ဖက်ရာ ယာဂု၊ မုန့်ဆွမ်းစသည်များ

http://www.dhammadownload.com



* နေ့လည်ဖြစ်ခဲ့မူ နေ့လည်နှင့်လိုက်ဖက်ရာ ထောပတ်၊ပျားရည်စသည်ဆေးသုံးများ

* ညနေဖြစ်ခဲ့မူ ညနေနှင့်လိုက်ဖက်ရာ ဖယောင်းတိုင်၊ နံ့သာတိုင်စသည့်ပူဇော်စရာများ

ထိုမျှလောက်သာ မကပါသေး၊ ကောင်းမှုပြုရာ၌ ပုညသူရဲကောင်းကြီးဝိဝိ နေ့စဉ်နေ့တိုင်း မိမိအိမ်မှနေကာ ဘုရားနှင့်သံဃာအား နေ့ဆွမ်းပေါင်းလှူမြဲ။ ဥပုသ်ထွက်တိုင်း မိမိအိမ်၌ပင် ဘုရားနှင့်သံဃာအား အရဏ်ဝယ်ယာဂု ဆွမ်းကပ်လှူမြဲ။

အားလုံးကုန် ခြုံပြောရလျှင် ယင်းအနာထပိဏ်သူဌေးကြီး၏ အသက်သည် ပုညခေါ်ကောင်းမှုများဖြင့် ဆက်စပ်လျက်ရှင်နေစေ၏။ သွေးလည်ပတ်နှုန်းကလည်း ပုည၏ ပင့်အား၊ တို့အား၊ တိုးအားအတိုင်းလျှင် တိုးဝှေ့လည်ပတ် နေစေ၏။ နှလုံးသွေးတည်စိတ်ကလည်း ပုည၏အစောင့်အရှောက်ဖြင့် နှလုံးအိမ်ဝယ် စိုးစံနေစေ၏။ ထို့ကြောင့် ထိုအနာထပိဏ်၏ တစ်ကိုယ်လုံးကားပုညဖြင့် ဖုံးလွှမ်းထားသော ကိုယ်လုံးဖြူကြီးတည်း။ သို့စဉ်လျက် . . .

နာမည်ခံတွင်ကား မယားဖြစ်နေပါပြီ။ မယားနာမည်ကား "ပုညလက္ခဏာဒေဝီ"တဲ့။ တကယ်ဆို အနာထပိဏ်ကသာ ပုညဂုဏအမည်ခံယူသင့်ပါ၏။ ပုညဂုဏ. . . သူဌေးကြီးဆိုမှသာ၊ လုပ်ရပ်နှင့် ဖူးပွင့်ဟပ်စပ်မည်ထင်ပါ၏။ သူ့မယားကိုလည်း သုဒတ္တဒေဝီ(အနွယ်ကောင်းမှ မွေးဖွားသောသမီးပျိုလေး) အမည်လောက်သာ သင့်မည်ထင်ပါ၏။

ယခုသော် ပုညအထုပ်ကောင်းမှုမပြုလုပ်သူက ပုညလက္ခဏာဒေဝီအမည်ပေါက် တကယ်ကောင်းမှုစုံတို့ဖြင့် ထုံမွှမ်းထားသော ပုညရှင်ကိုတော့ အနာထပိဏ်ဆိုတော့ . . .

* မယားသည် ကောင်းမှုမပျိုးဘဲ ကောင်းကျိုးခံစားနေရပါသည်။

http://www.dhammadownload.com



အရောင်းအဝယ်မလုပ်ဘဲ အမြတ်ရနေပါသည်။ သည့်အတူ အနာထပိဏ်ရရှိထားသော စည်းစိမ်အခြွေအရံများအားလုံးလည်း ထိုမယား အလကားနေရင်း (အနာထပိဏ်လိုမလုပ်ဘဲ) ပိုင်ဆိုင်နေပါသည်။

* သည်လိုဆို ပုညရှင်ကား ပုညလက္ခဏာဒေဝီလား။ အနာထပိဏ်လား။ စဉ်းစားစရာပင်။

သူတို့စုံတွဲ၌ လင်သာအမည်ပေါက် မယားအမည်မပေါက်သည်ကို ထောက်၍ ပစ္စည်းဝန်ထမ်းအဖြစ် သာသနာချီးမြှောက်ရာ၌ ထိုမယား အသွားအလာနည်းကြောင်း ထင်ရှားနေပါပြီ။

တစ်ဖန်･･･အထက်စုံတွဲ (ဝိသာခါတို့အတွဲ)၌လည်း မယားအမည်ကသာထွန်းတောက်၊ လင်အမည်ကား လုံးလုံးပျောက်နေပုံထောက်က ထိုလင်သားလည်း ဘုရားကြားကျောင်းကြားမကာပ်၊ ပုညမှုပြုစုရာ၌ လက်ချင်းမထပ်မိကြောင်း ကောင်းကောင်းကြီးသေချာနေပြန်၏။ သည့်ထက်သေချာသည်မှာ ဝိသာခါမ၏လင် သောတပန်ပါဟူ၍ မကြားမိဘူးခြင်း။ အနာထပိဏ်၏မယား သောတပန်ပါဟူ၍ မကြားရဘူးခြင်းများပင်။ သို့စဉ်လျက်･･･

* ဝိသာခါတို့အတွဲ၌လည်း ပုညမလုပ်သူလင်က ပုညဝမှန အမည်ရ၊

* အနာထပိဏ်အတွဲ၌လည်း ပုညမလုပ်သူမယားက ပုညလက္ခဏာဒေဝီ အမည်ရ။

ယင်းတို့သာစိတ်ရောက်သွားတိုင်း စဉ်းစားစရာများဝင်လာသည်ချည်းသာ ဖြစ်ရပါ၏။ ကောင်းမှုခေါ် ပုညအကြောင်းပြောကြလျှင် ဝိသာခါ အနာထပိဏ်တို့လိုဟူ၍ပင် စံညွှန်းတင်ရပါ၏။ ထိုစံညွှန်းစကားပြောကြားတိုင်းလည်း သူတို့လင်တွေ သူတို့မယားတွေ ဘုရားသွားကျောင်းတက် လက်တွဲဘက်ပျက်လေသလား။ မပျက်လေသလားဟူသော အတွေးများဖြင့် စဉ်းစားစရာတစ်ပါးဖြစ်ခဲ့

http://www.dhammadownload.com



ရသည်ချည်း။

အတွေးခေါ်သဖြင့် အတွေးပေါ်လာခြင်းသည် နိယာမပင်ဖြစ်၏။ သို့တိုင်လည်း စိတ်ခေါ်လာသော ထိုအတွေး အရေးပါမှ ကောင်းသည်။ အတွေးဖြစ်ရုံ စိတ်ကစားခွင့်ရရုံ အတွေးဆိုက ခလေးကစားခွက်လောက်မှ တန်ဖိုးမရှိဖြစ်ကြမည်။

တစ်ခါက • • • အတွေးဝါသနာရှင်တစ်ဦးထွန်းကားခဲ့ဖူးဆို၏။

ထိုသူကား ရှေးခေတ်ထုံးစံအတိုင်း ပစ္စုပ္ပန်အစာအတွက် ရိက္ခာမျှဖြည့်ဆည်း၊ သံသရာလည်း သွားလမ်းသာ၊ အလွတ်အကျွတ်နေရာလည်း ဝင်ခွင့်ရ၊ ပညာကိုလည်း အားလုံးအပြီးအစီးအထိ ပံပိုးပေးရ၊ ကျောင်းမှပင် ပညာသင်၏။ ယင်း၌

*ပထမ လူကြားသူကြားထဲလူနှင့်တူစွာ စကားပြောတတ်ရန် သင်ယူရ၏။

* ထို့နောက် ပညာရှိတို့အကဲ့အရဲ့လွတ်စေမည့် ယဉ်ကျေးခြင်းများကို သင်ယူရ၏။

*နောက်ဆုံး အနေတတ်အသေတတ်မည့် အာရုံထားပုံ ပညာများ သင်ယူရ၏။

ထိုလူသား ထိုပညာများ အတွေးအခေါ်အမြော်အမြင်နှင့်တကွ တတ်မြောက်လာခဲ့ပြီ။ ကာလသားအရွယ်ရောက်လာသဖြင့် ရင်လူထွက်အမည် ခံလျက်က လူ့လောကဘက်ထွက်ခဲ့ပြီ၊ ထိုစဉ် ထိုလူသား တောအလိုက် တောအလုပ် များလုပ်ရင်း အလုပ်ပြီး၍အနားယူလျှင် မိမိအောက်မေး၌ ပေါက်ရောက်နေသော မေးမွေးကို လက်ဖြင့်စမ်းလျက်ကသာ တွေးနေလေ့ရှိ၏။ ကြာသော် • • •

"ဒီကောင် • • • အကြံကြီးသမားနဲ့တူတယ်"

http://www.dhammadownload.com



ထိုမှတ်ချက်တစ်ယောက်ကာစ တစ်ရာဖြစ်လာတော့ရာ တစ်ခြားရှာနေလယ်ရှင်တောသူဌေးတစ်ဦးကြားသွားရာ နှစ်ဖက်လူကြီးချင်းစေ့စပ်ကမ်းလှမ်း၍ မိမိသမီးနှင့်လက်ထပ်ပေးစားရန်အပူတပြင်း စီမံတော့၏။

“ဒီကောင် ငါ့သမက်ဖြစ်လာရင် ငွေပုံပေးပြီး ကြီးပွားရေးအလုပ်နိုင်းမည်”

ထိုသူဌေး ၏အတွေးကား အတွေးသမားအတွက် အကွက်ကောင်းဆိုက်စေပြီ။ မင်္ဂလာဆောင်ပြီးကြပြီ။ သမက်ကလေးသူဌေးအိမ်လိုက်ပါခဲ့ရပြီ။ ထိုလူသားသူဌေးအိမ် သူဌေးသမီးနှင့်ပေါင်း သူဌေး၏အလုပ်အားလုံးသူဌေးကြီးပြန်စောင်းမကြည့်ရလောက်အောင် လုပ်ပေး၏။ ပြီးတိုင်းလည်း မေးမွေးကိုင်ငိုင်မြဲ။ အကဲခတ်နေသော လယ်သူဌေးကြီး အတွေးကြီးတစ်ခု ထပ်မံဝင်ရပြန်ပြီ။

“ဒီကောင် သူလုပ်မယ့်လုပ်ငန်းနဲ့ အရင်းငွေမတန်းမိဖြစ်နေပုံရတယ်”

သို့နှင့် ·· တစ်နေ့ နှစ်ဦးချင်းဖြစ်နေစဉ် သမက်ကလေးအားမေးရတော့၏။

“လူလေး မင်းလုပ်ငန်းကြီးတစ်ခု ကြံစည်နေသလား။ မင်းကြံစည်နေတဲ့လုပ်ငန်းငွေ လုံးပတ်မမီ အဖေ့ပြောကွဲ့၊ အဖေ မ,တည်ပေးမယ်ကော”

ထိုအခါ သမက်က သူ၌ခက်နေသော အတွေးကိစ္စ ယောက္ခမအားဖွင့်ဟပြောတော့သည်ဆို၏။ ယင်းကားအခြားမဟုတ်။

“အခြားအကြံမဟုတ်ပါဘူး အဘရဲ့ သည် အောက်မေးကပ်ပေါက်နေတဲ့ အမွေးများဟာ ဆံပင်များက ဆင်းချလာတဲ့ အမြစ်တွေဘဲလား။ တခြားလား ဆိုတာပါပဲ”ဟူသတည်း။

အတွေးရှင်အထင်ကြီးသော သူဌေးအထင်ကြီးကြေး သမီးပေးလိုက်

http://www.dhammadownload.com



ရပြီ။ ရလာသော အမြတ်ကား မုတ်ဆိတ်မွေးအရေးတော်ပုံတည်း။ သို့ပမာ

ဤ၌လည်း ပြီးခဲ့ပြီးသော ဝိသာခါ၊ အနာထပိဏ်အရေး မတွေးလိုပါ။ တွေးလည်း အရေးမပါပါ။ ဦးနှောက်ခြင်အုံခံရရုံမျှသာရှိကြပါမည်။ သူတို့သည် သူတို့အလုပ်သူတို့လုပ်၍ လာရာလမ်းအတိုင်းပြန်သွားကြပြီ။ သေပြီး သူတို့အမှုယခုတိုင်ဖြေရှင်းနေရလျှင်လည်း "မိုရာဂျေဒေဆိုင်း" သူ့ဟာသူပေါက် သူ့ဟာသူသောက်သွားပါသည်ကို ယခုမှ စကားဖြစ် ဆေးအတွက်ဟူ၍ အညွှန်း သစ်ညွှန်းနေသည်ပမာသာရှိပါမည်။

သို့ကြောင့် ထိုဝိသာခါ အနာထပိဏ်တို့ကိစ္စကိုလည်း သည့်လိုမို့ သည်အတိုင်းဖြစ်လာကြတာပါ၊ ဟိုလိုဆို ဟိုအတိုင်းနေမှာပေါ့ဖြင့် လက်စသိမ်း လိုက်လျှင် ရင်ချောင်သွားစရာလမ်းမြင်သည်။ ဤ၌ စိတ်သည် နှေးကွေးလွန်း သော ကိုယ်နှင့်တွဲ၍ အလုပ်ထဲမဝင်လိုပါ။ စိတ်သည် သူ့နိုင်သလောက်လိုက် မလုပ်သော သူ့ကိုယ်ကို လုံးဝမကျေနပ်။ သို့ကြောင့် အိမ်မှဆင်း၍ အပျင်းပြေ စိတ်ပြေလက်နား အလည်သွားလေ့ရှိရာ လေယာဉ်ကြီးစီးခရီးပြင်းနှင်ရင်းက မြင်ကွင်းမျိုးထဲ ခိုတွဲလိုက်ပါနေ၏။ အမြန်ရထားကြီးစီး ခရီးရှည်ကြီးအတွင်းက မြင်ကွင်းမျိုးကြား တိုးဝင်သွားနေ၏။

ထိုမြင်ကွင်းမျိုး ဘာမှမသဲကွဲပြီး ထိုမသဲမကွဲကိုမှ ထိုစိတ်က ဖြ ကြည့်လိုသည်။ ကြည့်တိုင်းမသိ၊ မသိတိုင်းကလိ၊ ကလိတိုင်း ထပ်ကြည့်ဖြင့် စိတ်အတွေးများ အတွေးရောက်သမျှ တောက်တောက်စဉ်း၍စားခြင်း၊ စားမြုံ့ ပြန်ခြင်းကို သိထားလျှင် "စဉ်းစားစရာလေးများ"ကား စဉ်းစားစရာလေးအဖြစ် ဖြင့်ပင် အဆုံးသတ်သွားတတ်ခြင်းပင်တည်း။

http://www.dhammadownload.com

# ကာလပေါ်စဉ်းစားစရာလေးများ

လူသည် ကံကောင်းမှုဖြစ်ခွင့်ရ၏။ ထို့ထက် ကံကောင်းမှုရုပ်ရည်ချောမောလှပခြင်း၊ အထိအတွေ့နူးညံ့ပြေပြစ်ခြင်း၊ အသံသာယာခြင်း၊ အနံ့ကောင်းထွက်ခြင်း၊ သဘောမနောကောင်းထပ်ဆောင်းထားခြင်းများခံရ၏။ ဤ၌ ကံကိုလက်ညှိုးထိုး ဆိုထားခြင်းသည် ရှေ့ထွက်တာဝန်ခံကို သိစေမြင်စေလို၍ဖြစ်၏။ သူ့နောက်၌ စိတ်လည်းပါသေး၏။ ထိုစဉ် စိတ်ဖန်ဆင်းသောအတိုင်း ဘဝရော ရုပ်ပါဖြစ်လာခြင်း၊ စိတ်ဆွဲသော အတိုင်းလည်းတွေ့ကရာလမ်းပေါက်လျှောက်လိုက်နေရခြင်း၊ စိတ်အလိုကျအတိုင်းလည်း မျက်စိနားနှာအင်္ဂါခြေလက်တစ်ကိုယ်လုံးလည်းပြချက်လိုပြချက်၊ ကကွက်လိုကကွက်၊ ထလျက်ထိုင်လျက်ကိုယ် ထွက်ခါးချိုး အမျိုးမျိုးလုပ်ပေးနေရခြင်းများစွာတို့ဖြင့် ကံအလုပ် စိတ်ကလည်း လိုက်လံပံ့ပိုးနေရရာ ကံဟဲ့ဆို စိတ်လည်း အလိုလိုပါပြီးသားပင်။

သူ့နောက် ဥတုအာဟာရများလည်းပါသေး၏။ ထိုစဉ် လူခန္ဓာကိုယ်၌(သတ္တဝါအားလုံးလည်း အတူတူပါ)ဥတုများ၏ အပူခိုး အအေးခိုးများက ကြီးစိုးနေ၏။ သို့ကြောင့် အပူလွန် အာဖရိကတိုက်သားများ၏ ကိုယ်နှင့် အအေးလွန်

http://www.dhammadownload.com



အမေရိကတိုက်သားများ၏ ကိုယ်အသားအရောင်အားဖြင့်လည်း ကွာချင်တိုင်း ကွာဟနေကြ၏။ ပုံပန်းသဏ္ဌာန်အားဖြင့်လည်း ကွဲချင်တိုင်းကွဲပြားနေကြ၏။ ဉာဉ်ဝါသနာများကပါ ဗီဇသတ္တိလိုက်လျှက်က တလွဲစီပင်၊ သည့်အတူ စားသုံးကြသော အစာများကလည်း မည်သို့မျှမတူကြ။ ထိုမတူ ဤမတူများနှင့်အတူ လူနေမှုစနစ်၊ ခံယူချက်၊ နည်းဥပဒေသ လုပ်ထုံးလုပ်နည်း အဝဝတို့ပါ အစစ ကွဲပြား ခြားနားနေကြသည်သာ။ သို့ကြောင့် ယင်းတို့ကပါ . . .

* ကံအလုပ်သရုပ်ပြရေးထွက်လုပ်ပေးနေကြရရာ . . . ကံဟဲ့ဆို စိတ်ရော၊ ဥတုရော၊ အာဟာရများရော သူ့တာဝန်နှင့်သူ၊ သူနေရာသူကွက်စောင့် နေရာယူလျက်ပါဝင်ပတ်သက်ကြရသည်ချည်းသာ။ သို့ကြောင့်

* လူတစ်ဦး၊ တစ်ဦး၏လှုပ်ရှားမှုတစ်ခုတစ်ခုပြုကျင့်လေတိုင်း ကံ စိတ် ဥတု အာဟာရ ဤလေးမျိုးတို့အလိုကျ ထိုလူသားလိုက်နာရစမြဲ။

* ကံကောင်းများထွန်းကားစဉ်က လူသားများ ကိုယ်နေစိတ်ထားများလည်း ကောင်းကြ၏။ ဥတုလည်း မျှတကြ၏။ အာဟာရများလည်း နူးညံ့ပျော့ပျောင်းကြ၏။

* ကံပူများ အဆိုးဝင်လာချိန်တွင်ကား ကိုယ်ထားမငြိမ်၊ စိတ်ဣန္ဒြေမရ၊ ဥတုက အပူထများ၊ အာဟာရများလည်း အကြမ်းစားများချည်းသာ။

တစ်ဖန် ကံအရေး သွေးကလည်း ထောက်ခံချက်လုပ်ပေးသေး။ သွေးသည် ဉာဉ်ဝါသနာတို့နှင့် မကင်းရာကား . . .

* ကံဝင်ညှိများ တစ်စခန်းထလိုလျှင်လည်း သွေးအားကို မှီကြရ၏။

* ကံပွင့်စရိုက်များအစွမ်းပြလိုလျှင်လည်း သွေးကိုပင်ဆရာတင်ကြရ၏။

* ကံလိုက်ဝါသနာများ စခန်းချလိုလျှင်လည်း ယင်းသွေးအားမပါမဖြစ်။

သည်မျှအရေးပါသောသွေးသည် ကလေးတို့ရှိ တည်သွေးနေရာ၌ အတိတ်ပါဝါသနာအရ စခန်းချအဖြစ် ၄ ပြခြင်း၊ မှုရာလုပ်ပြခြင်းမျှသာ။

http://www.dhammadownload.com



တစ်ဖန် ကာလသားတို့ရှိ တက်သွေးနေရာ၌ ကာယအစွမ်းပြ အဖြစ်ထိ အရာဝင်၍ ရာဂကြီးသူက ရာဂကျင့်အစွမ်းကုန်ကျင့်ပြတော့မည်။ ဒေါသအားကြီးသူ မောဟအားကြီးသူများကလည်း ယင်းတို့၏အစွမ်းသတ္တိ ထိထိမိမိကြီး လှည့်ပြကြတော့မည်။

ထိုမှအပြန် သဒ္ဓါကြီးသူ ပညာကြီးသူ အတွေးအခေါ်သန်သူ ‥ စရိုက်ကောင်းသမားတို့မှာမူကား မှဆိုးတံငါတို့နေရာအကြား ဘုရားစကားတရားစကား သွားမပြောရဲသူများပမာ၊ အုန့်ပွန်းစက်ချက်ကောင်းအကွက်မိမှသာ။

* ကာမအကျင့် အဓိကလမ်းဖွင့်ထားသော ရွာနေအိမ်တို့အလယ် ဘုရားရှိခိုး ကျယ်ကျယ်မဆိုဝံ့၊

* ဓမ္မအကျင့် အမြဲလမ်းဖွင့်ထားသော ဘုရားကျောင်းကန်အကြား အမှုသမားများ အထင်အရှားမသွား။

တစ်ဖန် ကံဝန်ပိသဖြင့် မချိတရိဖြစ်နေကြသော လူကြီးပိုင်းတို့ရှိ ကျသွေးနေရာ၌ကား တစ်စခန်းထမျှ အရာဝင်တော့သဖြင့်ပြခဲ့ပြီးသော စရိုက်အစဉ် ညှိအဖြစ်ဝင်နေချေရာ

* အချို့လည်း ကလေးလူငယ်တို့၏အတွဲ ကဲပုံကြည့် ပြုံးစိ ပြုံးစိ

* အချို့လည်း တာဝန်လွှဲအပ်ပြီး သားသမက်တို့လုပ်ပုံကြည့် ပြုံးစိ ပြုံးစိ

* အချို့လည်း ဘေးမဲ့အထားခံရရှာသဖြင့် မြေးငယ်ကလေးများနှင့်ရောတသောသောရှိ ‥၊

ကိလေသာနှင့် စိတ်တို့၏အကြိုက် ရပ်မလိုက်နိုင်တော့၍ ဉာဉ်သိသမျှဖြင့် ရပ်ကြည့်နေရခြင်း။ သို့ကြောင့်လျှင် သွေးသည် အသက်၊ အသက်သည် သွေးဆိုထားရာ သွေးအားဖြင့်ကံတရားစကားပြောလေ့ရှိကြသည်။ သွေးအားဖြင့်ပင် စိတ်အလို ကိုယ်ပွဲထုတ် သရုပ်ပြလေ့ရှိကြသည်။ ထိုသွေးများရပ်ဆိုင်းသောနေ့ ကံကုန်သောနေ့တည်း။ ကံနှင့်စိတ်အလုပ်ရပ်နား သွေးများလည်း

http://www.dhammadownload.com



အင်အားမပြသော ကာလတည်း။

သွေးနောက်ဆွယ် အရွယ်ကလည်း ပါပြန်ချေသေး။ လူတို့၏ ယနေ့ လက်ရှိအရွယ်ကို တိုင်းထွားရာ၌ • • •

* မွေးစမှ အသက် ၂၅ နှစ်အတွင်းကား အရွယ်တစ်မျိုး
* အသက် ၂၅ နှစ်မှ အသက် ၅၀ အထိကား အရွယ်တစ်မျိုး တစ်ဖန် • •
* အသက် ၅၀ မှ မသေမချင်းကား အရွယ်တစ်မျိုး

အရွယ်ပုံမျိုး အချိုးသုံးချိုးတွေ့ရပါမည်။ ဤသည်မှာ ယေဘုယျတိုင်း ထွာချက်ဖြစ်ပါသည်။ အရွယ်ပြောင်းသော်မှ အချိုးမပြောင်းသေးသော ဖိုးက လေးကြီး၊ ဖွားရွှေသွေးလေးများလည်း မြို့ပြကြီးများ၌ တွေ့ရတတ်ပါသေးသည်။

ထိုစဉ် တက်သွေး၊ တန့်သွေး၊ တဲသွေး(တည်းသွေး)တို့အလိုက် • • တက်လူ၊ တန့်လူ၊ တဲလူများအဖြစ် အရွယ်ပုံစံပြောင်းလဲကြရရာ • •

* မွေးကင်းစမှ အပျိုဘော် လူပျိုဘော် မဝင်သေးမီကိုပလပ်၍ အပျိုအရွယ်၊ လူပျိုအရွယ်မှသည် အိမ်ထောင်ကျပြီးစကာလရှိ တက်လူများကား • • • ကိုလုံးပြည့်သွေးတို့၏ စိုပြေနူနန်းလိုက်၍ တစ်ကိုယ်လုံးစိုပြေလန်းဆန်းသော အသွင်ကိုဆောင်နေ၏။ နှလုံးပြည့်သွေးတို့၏ ခိုးလိပ်များလိုက်၍ စိတ်အလိုက် လည်း တက်ကြွအသွင်ဆောင်နေ၏။ အရိုးအသားတို့၏ နုသောအပြင်အဆင် လိုက်၍လည်း မှုဟန်များလည်း နုပျိုနေကြ၏။

သို့ကြောင့်လျှင် ကာလသမီးလေးဖြစ်က ခုန်ပေါက်ပြေးလွှားဆော့ကစား နေလေ့ရှိတတ်သော သမင်မပုံဟန်ဟူ၍ အဆိုရှင်များက တင်စားကြလေတော့ ၏။ ကာလသားဖြစ်က အားပြည့်မာန်ပြည့်ဖြင့် တိုးတက်လာသော တက်သစ်စ နေလုလင်ပမာဟူ၍ တင်စားကြရ၏။ ထိုတက်သွေးရှင်များကိုပင် လူလားမြောက် လာကြပြီ၊ ကာလသားဖြစ်လာကြပြီ၊ ကာလသမီးဖြစ်လာကြပြီဟူ၍ လူ

http://www.dhammadownload.com



အစိပ္ပါယ်အဖွင့်က ဆင့်လာပြန်၏။ ဘာ့ကြောင့်။

* လူပုံစံထဲ ရှက်ခြင်း ကြောက်ခြင်းဆိုသော လူကံများဝင်လာကြပြီဖြစ်သောကြောင့်တည်း။

* လူရုပ်ထဲ လူလိုအလုပ်များ တစ်မှုခွဲ၍ သဲသဲကဲကဲနှံ့လာကြပြီဖြစ်သောကြောင့်တည်း။

ယင်းတို့ကို အနည်းငယ်ဆွယ် အကျယ်ပြုရပါမူ

လူလားမြောက်လာပြီဆိုသော စကား… လူနှင့်မခြားတစ်သားတည်းကျလာသည်ကိုညွှန်း၏။ ထိုစဉ်

မွေးကင်းစမှ ဦးနှောက်ခြင်ဆီ မပြည့်မီအတွင်းတုန်းကလ လူရုပ်သာရှိပြီး လူအလုပ်ဘယ်လိုလုပ်ရမည် မသိကြသေး။ ထိုနှင့်တစ်ဆက်တည်း ဘာကိုရှက်ရမည်၊ ဘယ်ကိုကြောက်ရမည် စသည်များလည်း မခွဲခြားတတ်ကြသေး။ သို့ကြောင့် ထိုကလေးအရွယ် လူမမယ်တို့သည် လူ့ဘဝ၏တည်ကိန်းအဖြစ်သာရှိကြသေး၏။ လူ့အမည် မခံတိုက်ကြသေး၊ လူဖြစ်သွေးလည်း မဆင်းကြသေး။ ထိုမှနောက်

ခန္ဓာအိမ်တည်ဆောက်မှု အမာခံအပိုင်း၌ အရိုးများလည်း တောင့်ခိုင်လာကြပြီ။ အကြောများလည်း မာတင်းလာကြပြီ၊ သွေးများလည်း လည်ပတ်ရှိန်ကောင်းလာပြီ၊ ထိုသွေးကြောင့်ပင် အသားများအပိုအမိုစု ဖုသင့်ရာဖုး၊ ထစ်သင့်ရာထစ် ကျောက်ဆစ်ရုပ်ပမာဖြစ်လာကြပြီး ဆီကြည်၊ အဆီ၊ ထိုမှနောက်ခြင်ဆီ၊ ဦးနှောက်အထိ အားလုံးအရည်ပြည့်မှ ဝိလျှံသက်ကျလာတော့ကာ အရည်လည့်အထိပင် ခရီးဆိုက်လာကြတော့ပြီ။ တစ်ဖန် • •

စိတ် ဣန္ဒြေထားသို့မူ မွမ်းမံအပိုင်း၌လည်း ပြောင်းလဲလာနေကြပြီ။

ငယ်ငယ်တုန်းက ပြီးခဲ့သောဘဝ၏ အကြွင်းပိုင်းခံစားမှုအတိုင်းဖြင့် • •၊ သို့မဟုတ် တည်စိတ်ရှင်းပြီးပြီ။ ငြိမ်ငြိမ်ကုပ်ကုပ်လေးနေသူသည် ဘဝဘဝါ

http://www.dhammadownload.com



အတိတ်အတိတ် အထုံဝါသနာပါအတိုင်း ယခုသော်မျောက်ရှုံးလေးများဖြစ်လာကြတော့သည်။

တစ်ဖန် ငယ်ငယ်တုန်းက ပြီးခဲ့သောဘဝ အငယ်ပိုင်းဟန်မူရာအတိုင်းဖြင့်။ သို့မဟုတ် ရှင်စိတ်ရှင်းပြီးပြီ။ မိုးတက်မီးရှိုမှတတ်ဖြစ်နေသူလေး ယခုသော်အတိတ်၏ဘဝ ဘဝါဆက်တိုက်ပါ အထုံဝါသနာများအတိုင်း မလျှပ်မရက်လူငြိမ်သက်ကလေးများဖြစ်သွားကြတော့ပြီ။ သို့တိုင် မျောက်လောင်းဖြစ်စေ၊ ဘုရင်လောင်းဖြစ်စေ • • သည်အရွယ် သည်နယ်ဝင်လာသည်နှင့် အရုက်အကြောက်ဆိုသော လူ့ထုံးနှင့်လူသုံးများအားထားလာသူများချည်းသာ။ မိဘများလမ်းပြောင်းပေးစရာပင်မလိုကြတော့ပါ။

ဝန်းကျင်လူသားတို့၏ မြင်ဆရာ ကြားဆရာအဖြစ်ဖြင့် သင်ပြနေသည်ကို လိုက်နာတတ်ကြပြီဖြစ်သောကြောင့် • •။ ထိုအချိန် ဒင်းကလေးတို့အားလုံး ဘေးအပြုအမူအရေးယူသောအားဖြင့်

* သည်အလုပ်အပြောမျိုးဆို လူတောတိုးမရ၊ တိတိပပ သိမိုလာကြ၏။ အသိမိုအရည်လှည့်လာသည့်နည်းတူ ဝန်းကျင်တလွှား လူအများမကြိုက်သော အပြုအမူမျိုးဆို နောက်ဆုတ်၏။ မေးဆော့အငေါ်သန် ခံရမည်ကိုရုက်တတ်လာသောကြောင့် • •။

* သည့်အတူ အများအဖက်မလုပ်မည်ကို ကြောက်တတ်လာခြင်း၊ အများနှင့် ပေါင်းရမည်ကိုကြိုက်တတ်လာခြင်း စသည်များလည်း ထင်ရှားပီပြင်လာကြ၏။ လူလားမြောက်လာကြခြင်းတည်း။ တစ်ဖန် လူ့ရုပ်ထဲ လူ့အလုပ်ကဲဝင်လာနေပြီဆိုသော စကားသည်ကိုယ်နှင့်စိတ် တကြိတ်တည်း တညာထဲတည်းပေါင်းစည်းမိလာခြင်းကိုပင် ရည်ညွှန်း၏။

ထိုစဉ် • • လူ့ရုပ်ကား လူမိဘများမွေးထုတ်ပေးလိုက်ကတည်းက ပုံစံပေါ်လာပြီ။ သို့သော် စိတ်ကား ငါလူဟူ၍ ကိုယ့်ကိုယ်ကိုယ် လူမှန်းသိတတ်

http://www.dhammadownload.com



လာချိန် လူ့စရိုက်ပုံစံကိုက် လိုက်မည်ဟူ၍ လူကြိုက်နှင့်လူမကြိုက် ခွဲခြားသိပိုင် လာတတ်ချိန်မျိုးကျမှသာ ဝင်လာ၏။ လူ့အကျင့်နှင့် စိတ်ချိတ်မိလာချိန်တည်း။ ထိုအချိန်မျိုးသည် အပျိုဘော်လူပျိုဘော်ဝင်၍ ရက်ကြောက်တတ်ချိန် ကာလပင်။

ထိုအချိန်ရှိ ဒင်းကလေးတို့သည် လူကားမဖြစ်ကြသေး။ လူကား တလူလူလွင့် တံခွန်ထူအလံလွှင့်နိုင်စွမ်းရှိလာသော••• ဒါနဖြင့် တိရစ္ဆာန်ကျင့်ကို နှုတ်၊ သီလဖြင့် တိရစ္ဆာန်ဉာဉ်ကိုဖြုတ်၍ ဘာဝနာ(အနည်းဆုံးစိတ်စင်ကြယ်ကြောင်း ဘုရားဂုဏ် တရားဂုဏ် စသောအာရုံကောင်း တစ်ပါးပါး•• စိတ်စိတ်ချင်း ထိစပ်စွာထားပွားများပေးခြင်း)ဖြင့် မိမိစိတ် လူ့ဒိပ်ခိုအဆင့် အကျင့် လုပ်ချိန်ကျမှသာ လူဖြစ်ပါမည်။ ယခုကား••

* လူ့အလားစိတ်ထားတတ်လာရာ အရက်ကံ အကြောက်ကံ မြောက် လာနေသဖြင့် လူလားမြောက်ပြီဆိုရပါမည်။

* လူ့အရာဝင်အဖြစ် အလားအလာကောင်းများ စုဆောင်းတတ်လာပြီဖြစ်နေကြသဖြင့် လူလားမြောက်ပြီဆိုရပါမည်။

ထိုဒင်းကလေးတို့ကိုပင် ကာလသား(ကာလသမီး)ဖြစ်လာပြီဆိုပြန်၏။ ဘာကြောင့်•••။ လက်ရှိကာလကိုမီ၍ အနာဂတ်ကာလဆီ ဝါဒသစ်ဖြင့် ချီတက်နိုင်အားရှိနေကြသောကြောင့်•••။

ယင်းကိုလည်း အနည်းငယ်ခွဲ၍ အကျယ်ပြုရပါမူ

ကာလဆိုသောစကားသည် အချိန်ကိုညွှန်းဆိုနေ၏။ ဘာအချိန်လဲ။ ခေတ္တအခိုက်အတန့်မျှသော ခဏငယ်လေးများဖြင့် ပေါင်းစည်းဖွဲ့စည်းထားသော အချိန်ကာလတည်း။

ခေတ္တ - ခေတ်၊ သို့မဟုတ် ရိပ်ရိပ်ပြေးအချိန်တိုလေးများဖြင့် အချက်မှန်ပြောင်းပြေးနေခြင်း။ ထိုအချိန်ကာလဆိုသော ခေတ်ကိုပြုပြင်ပြောင်းလဲပေးနေကြရာ တိုင်းတို့၏ လူတို့သဏ္ဌာန်ရှိ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်အရာဝင်

http://www.dhammadownload.com



* သဒ္ဓါပင်းသော သီလအရင်းခံ ကောင်းကျင့်အုပ်စုက တစ်ဖက်
* သဒ္ဓါကင်းသော တဏှာအရင်းခံ ယုတ်ကျင့်အုပ်စုက တစ်ဖက်

ထိုနှစ်ဖက် တိုက်ကြြက်နှစ်ကောင် တစ်ဖက်စီ၊ ချိုင်းကြားမှောက်ထားလေ့ရှိသော လူ့စိတ်တစ်ဝက် တိရစ္ဆာန်စိတ်တစ်ဝက်ကား အဓိကနေရာယူ၊

တစ်ဖန် ထိုစိတ်အကြံကံမြောက်စေတတ်သော စေတနာကောင်းစေတနာယုတ်များဦးဆောင်သော ဝေဒနာသညာမှတစ်ပါး စိတ်မှီစေတသိက်ပေါင်း ၅၀၊ ကောင်းတာဝန်ခံ ယုတ်တာဝန်ခံများက အခုံနေရာမှနေကူ၊

ထို့နောက် ယင်းတို့အလုပ်ပီပြင် မပီပြင် အညွှန်းတင်ပေးသော ဥတုနှင့် ဥတုမှီအာဟာရများက အချက်ပြနေရာမှနေ အလံထူ၊ ဆိုတော့ . .

လူတို့သူတော်ကောင်းအကျင့်နှင့် သူ့စကားမြေမကျ ဖမ်းယူဆုပ်ကိုင်ထားသည့်အထိ သဒ္ဓါအားကောင်းချိန်ကာလတုန်းက

* ကိုယ်နှုတ်နှစ်ပါးကိုလည်း သီလဖြင့်စောင့်စည်း ထိန်းကျောင်းထားကြ၏။
* စိတ်စွမ်းအားကိုလည်း သမာဓိဖြင့် ထုံမွှမ်းပတ်ဖွဲ့ပေးထားနိုင်၏။
* အတိတ်အစွဲအမဲအညစ်များကိုလည်း ပညာဖြင့် ခုတ်၍ နှုတ်ပယ်နိုင်ကြ၏။

သို့ကြောင့် ထိုစဉ်ကလူသားများ၏ ကိုယ်နှင့်စိတ်များသည် တန်ဆောင်တိုင်လများ၏ ကြည်အေးဖွေးဖြူနှန်းအလား အေးချမ်းငြိမ်သက်အရောင်တလက်လက်ထွက်နေကြတော့ရာ နေ့ခင်းကြောင်တောင်သွား ခရီးသည်များပမာ မတိုက်မိ မခိုက်မိကြပါ။

ထိုလူသားများသွားလာရာ ခရီးတစ်ပိုင် အတွင်း၌ကား အအေးခံသောဆောင်းတွင်းကာလမြူနှင်းများ တသဲသဲကျချိန်၏ အောက်၌ရှိသော သက်ရှိသက်မဲ့၊ လူနှင့်ရေမြေတောတောင်များအသဲကြား(အတွင်းထား)အထိ အေး၍ထိုမြင်ကွင်းမြင်တွေ့သူတိုင်း နှလုံးနှင့်သွေး အေးချမ်းကြရသည်ပမာ . .၊

http://www.dhammadownload.com



ထိုကြမ်းခင်းနင်းမိသူတိုင်းလည်း ခိုက်ခိုက်တုန်အံ့ကြွတက်လာကြသည်ပမာ••၊

စိတ်အေးသလောက် ကိုယ်အေး၊ တစ်ဖန် ကိုယ်အေးသလောက် ဥတု အာဟာရများကပါ အေးလာကြပြီး မြေဆီလည်းတက် အဟာရသတ္တိဩဇာလည်းသက်လာကြပါသည်။ သို့ကြောင့် အချိန်အရှိန်သည်လည်း အေးရှိန်များကသာ လွှမ်းမိုးနေတော့ပြီး ခေတ်၏အခိုက်အတန့်လေးများလည်း အအေးဖြင့် အစက်ချ အငြိမ်းချည်းပြနေပါသည်။ ထိုခေတ်ကား လူညာဥ် လူစရိုက် လူ့ဝါသနာများအလိုက်သန်သော သဒ္ဓါပညာများဘက်က အသာစီးရနေသော ခေတ်တည်း။ တဖန်

အခံလိုက်အတိုက်ပြိုင်၊ အတိုက်တန် အခံလုဆိုသော ပြိုင်ဘက်တို့၏ ဓမ္မတာအတိုင်း ယင်းစိတ်ကောင်း(ကံကောင်း)လေးများကို ယင်းတို့အနိုင်ရ၍ စိတ်ချလက်ချ••။ ကံမထချိန်ဝယ် တဏှာဦးဆောင်သော အတိုက်အခုပ်စုတို့ဘက်က ကြိုက်အာရုံဖြင့် တိုက်ခွဲခွဲယူကာ စိတ်ကိုညှို့ခြင်း၊ စိတ်ကိုအသိမှား ကံမှားများဖြစ်လာအောင် သညာကစည်းလုံးပေးခြင်းများဖြင့်လည်း သူ့အလိုပါရန် ဖြားယောင်း၏။ သည်မျှမကသေး။

နေရှိန်ကဲ့သို့သော ရိပ်ရိပ်ပြေး အာရုံပုံငွေ့လေးများကို ကြီးမားသော အရာဝတ္ထုတစ်ခုအသွင်ပေါက်လာအောင် ချဲ့ကားရာသို့ စိတ်ကလေးအား ခေါ်ဆောင်၍ တစ်စိပ်တစ်အိတ်အရာ မြင်စေ၏။ အချဲ့ကြားကားကျယ်လာသော ထိုအငွေ့သက်ငယ်လေးများ၏ အရိပ်ဆန်ပုံဖမ်းဗျာန်ကိုပင်•• ဟော•• ဒါက သိကြား။ ဟော ဒါက နဂါးဟူ၍ အသိပေးပြန်၏။ သည်လောက်နှင့်လည်း မနားသေး။

တဏှာသည် မိမိအား အဆက်ဖြတ်သွားသော ထိုစိတ်ကလေးကို

✻ ဓာတ်ချင်းတည်ရာမှ ရိပျက်ပျက်နေသော ထိုအာရုံပုံရိပ် အပိုင်းအစ

http://www.dhammadownload.com



အငွေ့အကျလေးများကို လက်ညှိုးထိုး၍ ဒါ အကောင်းဆိုပြန်၏။ ထိုအကောင်း သည်ကြိုက်စရာကောင်းသော အကောင်းဟူ၍လည်းကောင်း။ အကောင်းစား စားခြင်းဖြင့် မိမိ၌ခွန်အားသတ္တိများ မည်သို့မည်ပုံအထိ ပြည့်ရှိလာမည်ဟူ၍ လည်းကောင်း စည်းရုံးလှုံ့ဆော်ပြန်၏။ တစ်ဖန်

* ဓာတ်ချင်းဆောင်သဖြင့် ဆောင့်ပျက်ပျက်လာသည်များကို လက်ညှိုး ထိုး၍လည်း ဒါဆို အဆိုး။ မုန်းစရာအမျိုးဟူ၍လည်းကောင်း။ အဆိုးစားခြင်းဖြင့် ဆိုးဝါးလာမည့်အန္တရာယ် မိမိ၌ မည်သို့မည်ပုံအထိ ပိုးလွယ်ထားရမည်ဟူ၍ လည်းကောင်း။ တဏှာမကြိုက်သော အရာနှင့်တိုးက တဏှာသည်အဆိုးဟူ၍ စိတ်ကလေးအား သွေးထိုးပေးပြန်၏။

ကြာသော်နားယောင်လာပြီး ထိုစိတ် သတိထားနည်း,နည်းသလောက် "ရှိနှင့်မရှိ"တိတိပပ မကွဲချင်တော့၊ အရိပ်ထိုးသောအခိုးငွေ့ကိုပင် အတွေ့ထင် လာတော့၏။ ထို့နောက် ဥဥ်စရိုက်သွေးများ ထောင်းထောင်းထ ချောင်းတမျှ စီးဆင်းလာကြပြီး သွေးလောင်းခံလိုက်ရရာ . . ထိုစိတ်

* မည်မျှဆိုးဝါးနေသောအရာဖြစ်ပစေ၊ အကြိုက်ဝင်နေသမျှ အကောင်း အဖြစ်မြင်လာတော့၏။

* မည်မျှ ရွံမုန်းစရာဖြစ်နေပစေ၊ အခင်ဝင်နေသမျှ ချစ်စရာအသွင် မြင်လာတော့၏။

* မည်မျှ ခက်ခက်ခဲခဲ ခံစားနေရစေ၊ အစွဲငုင်နေသမျှ ချမ်းသာအ သွင်မြင်လာတော့၏။

ဘာ့ကြောင့် . . .။

အာရုံမျှင်ကွန်ရက်တွင်း ထိုစိတ်ဝွင်းပိတ် ပိတ်သွင်းခံလိုက်ရသော ကြောင့် ။

* ဆိုပါစို့. ထန်းလျက်ခဲသည် စားစရာ သက်သက်မျှသာဖြစ်၏။ သူ့

http://www.dhammadownload.com



တာဝန်ကား အရသာသတ္တိဖြည့်တင်းပေးရန်ကို။

* သို့တိုင်လည်း ထန်းလျက်ဆိုသော အတွေးသိ သိမှုဟုတ် နာမ်၊ သူဋ္ဌရှိရဦးမည်၊ အမည်မသိက အရသာတယ်မရှိ။

* ထန်းလျက်၏ ပုံပန်းသဏ္ဍာန်ကိုလည်း မျက်စိ၌ မြင်နေစေရမည်။ မမြင်မိကလည်းအရာသာတယ်မရှိ။

* ထန်းလျက်နှင့် မိမိလက် သို့မဟုတ် နှုတ်ခမ်းများနှင့် ထိတွေ့ပေးရဦးမည်၊ မထိမိ၊ အရသာတယ်မသိ။

* ထန်းလျက်ကြောင့် မိမိသွားရည်ယို၊ မိမိသွားရည်ကလည်းနှုး၊ မိမိလျှာကလည်း နှုးပေးခြင်းကြောင့် ထန်းလျက်လည်းပျက်ရဦးမည်။ အပျက်မရှိ အရသာတယ်မမိ။

* ထန်းလျက်၏ရနံ့ကိုလည်း မိမိနာဝ အယောင်ပြရဦးမည်။ အနံ့မှ မသိရှိ၊ အရသာတယ်မသိ။

ခြုံလိုက်သော် အာရုံစုံအကုန်ဝင်တိုက်ခိုက်ခံရမှ မိမိရှိ သွေးများလည်း အတွေးသိ သို့မဟုတ် ကြားသိကြောင့်လှုပ်၊ အမြင်ကြောင့်ရမ်း၊ အနံ့ကြောင့် ကြမ်း၊ အထိအတွေ့ကြောင့် လွမ်း၊ နောက်ဆုံးအရသာ သတ္တိငွေ့၏ အငေ့ကြောင့် ငန်းဖမ်းခံအဆင့် အစွမ်းကုန်ဝင့်ရရာ ထို(စရိုက်ဉာဉ်ပါ)သွေးများ ပင်လယ်ရေ အတက်အကျပမာ ကစားခွင့်သာစေသည်။

ထိုအာရုံစုံ ထိုအပုံကြားမှာ ထိုစိတ်ဘယ်ကို ထွက်သွားနိုင်တော့ မည်နည်း။

* အနှုဖျက်သဖြင့်ပျက်ရသော လှုပျက်သည် တစ်စ,တစ်စပျက် ကြာတော့မှ အနှုပုံထွက်ပါသည်။

* အမြှုဖျက်သဖြင့်ပျက်ရသော မှုပျက်သည်လည်း တစ်စ,တစ်စပျက် ကြာတော့မှ အမြှုပုံထွက်ပါသည်။

http://www.dhammadownload.com



သို့နှင့် စိတ်ငြိမ်းပန်း အဆန်းတင်ရာလိုက်မေ့ဘာဖြင့် ထိုလူသားများ

* စိတ်ဆန်းသလောက် ကံဆန်းများအတွင်လုပ်၍ သူထက်ငါ အယုတ်ပြိုင်လာကြတော့၏။

* ကံအလုပ်စိတ်အလုပ်ယုတ်သလောက် ဥတုပူ မြေဆီခန်း အစာများလည်းကြမ်းလာကြတော့၏။

* ဥတုကြမ်းအစာကြမ်းစားရသလောက် ကိုယ်စိတ်နှုတ်ကြမ်း သွေးသုံးများလည်း ကြမ်းလာကြတော့၏။ သွေးသုံးကြမ်းသလောက်ပင် ထိုလူသားများ သက်တမ်းများပါ တိုလိုက်လာကြတော့ရာ

* အရပ်အမောင်းများ တစ်စ တစ်စ ပုဝင်လာကြသည်။

* စိတ်ကောင်းများလည်း တစ်စ တစ်စ နိမ့်ဆင်းလာကြပြီ။

ထိုအခါ တက်ခေတ်လူများ၏ ကိုယ်နေအမူအရာများ ယဉ်ကျေးသိမ်မွေ့ငြိမ်သက်သော ဝေသျှဖြင့်ပျော်မွေ့အေးဆေးနေကြပုံကို ဤဆုတ်ခေတ်လူသားများ မလိုက်လိုကြတော့ပါ။ ယင်းအစား ယင်းနှင့်ပြောင်းပြန်။

* ဆပ်ကော့လပ်ကော့မျိုး ချိုးပြကြ၏၊ ဒါမှ သွက်လက်ချက်ချာသူလေးဟူ၍ ချီးမွမ်းခံရမည်။

* မဟုတ်မခံ ဝေဝေကြဲမျိုးချိုးပြကြ၏။ ဒါမှ ရဲတင်းပွင့်လင်းသူလေးဟူ၍ ချီးမွမ်းခံရမည်။

* လမ်းပေးမှာ နေပုံစားပုံမျိုးချိုးပြကြ၏၊ ဒါမှ စီးပွားရာကောင်းသူလေးဘွဲ့ရတော့သည်။

ဆုတ်ခေတ်တွင်းနေ လူသားများခံစားခွင့်ရ အာရုံထားများကား နွေခေါင်ခေါင်မီးလောင်နေရာ ကွင်းပြင်ကြီးကြားဖြတ်သွားသူများ ခံစားရသော အရာသာမျိုးချည်းတည်း။

ဆိုခဲ့ပြီး ခေတ်နှစ်ခေတ်ကို ယှဉ်ပြရပါဦးမည်။

http://www.dhammadownload.com



* တက်ခေတ်ထွန်းကားရာတုန်းက ခေတ်ကို လူတန်းပိုင်းရှိ လူကြီးများ သူကြီးများက ဦးဆောင်သည်။ ချင့်ချင့်ချိန်ချိန်လမ်းပြလိုနေသောခေတ်တည်း။

* ဆုတ်ခေတ် အပျက်သန်ရာကျလျှင်ကား ခေတ်ကို ဤလူတက်ပိုင်းနေ လူငယ်လူရွယ်များက ဦးဆောင်ကြမည်။ ဘာဖြစ်ဖြစ် လမ်းပြမလို တုံးတိုက်တိုက် ကျားကိုက်ကိုက်ခေတ်တည်း။ တစ်ဖန်

* တက်ခေတ်သားများက ငြိမ်သက်အေးဆေးရှိသားခြင်းကို ဇောင်း ပေးသည်။

* ဆုတ်ခေတ်သားများက လှုပ်ရှားပူပြင်းအဆန်းထွင်ခြင်းကိုအားပေး သည်။

ထို့နှင့်အတူတက်ခေတ်သားများက ကိုယ်ကျင့်ကောင်းမွန်ခြင်းကိုသာ ဂုဏ်ယူလေ့ရှိပြီး ဆုတ်ခေတ်သားများမှာမူကား ပစ္စည်းကောင်းအိမ်ကောင်းဖြင့် နေရသည်ကို ဂုဏ်ယူကြမည်။ ထိုသို့သော ဆန့်ကျင်ဘက်ခေတ်နှစ်ခေတ်သည် စိတ်များရွေ့ရွေ့ပြောင်း,ပြောင်းနည်းကား အတိုင်းပင် ကံရေး၊ဥရေးရေး၊ အာဟာ ရများရေးလည်း လှုပ်လှုပ်ရွှေဖြင့် ရွေ့ရွေ့ပြောင်းချည်။ အပြောင်းအလဲလုပ်ကြမည် ဖြစ်ရာ ပမာအားဖြင့်...

လများ၏ ဝါဆိုနှင့်ပြာသိုသည် အချိန်အားဖြင့် တစ်နာရီတိတိကွာခြား ကြသည်။ ထိုနှစ်လ တစ်လနှင့် တစ်လ အတိုးအဆုတ်တစ်နာရီ ကွာခြားသွားကြ ရခြင်းသည် ရုတ်တရက်မဟုတ်ပါ။ တစ်နေ့တစ်နေ့ အတက်အကျစက္ကန့် နှစ်ဆယ်နှုန်းဖြင့်သာ၊ ဆိုပါစို့။

နေ့တာအရှည်ဆုံး၊ ညတာအတိုဆုံးသော ဝါဆိုတွင်.. နံနက် ၅း၃၀ နာရီကပင် နေထွက်လာခဲ့ပြီး ညနေ ၆း၃၀ နာရီကျမှ နေဝင်သွားပါမည်။ ထို မှနေ တစ်နေ့တစ်နေ့ စက္ကန့် ၂၀ နှုန်းဖြင့် ထွက်နေဝင်နေများ ဆုတ်သွားတော့ရာ ပြာသိုရောက်သည်နှင့် နံနက် ၆ နာရီကျမှ နေထွက်ပြီး ညနေ ၅း၃၀ နာရီ

http://www.dhammadownload.com



မှာပင် နေဝင်သွားပါသည်။ ဤနေ့ကား … နေ့တာတိုအချိန်တို့၏ အဆုတ်ပိုင်းကာလ အပြောင်းအလဲများ။

တစ်ဖန် … ထိုပြာသိုလမှပင် တစ်နေ့ တစ်နေ့စက္ကန့် ၂၀ နှုန်းဖြင့် ထွက်နေဝင်နေများ နောက်ကျနေးကွေးသွားပြန်ရာ ဝါဆိုပြန်ရောက်သည်နှင့် နေ့ညလည်း ပြောင်းပြန်-ပြန်ရှည်တက်လာပြီး လ,နှစ်လတို့လည်း ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်သွားပါတော့မည်။ ဤကား နေ့တာရှည်ဆိုသော အချိန်တို့၏ တက်ပိုင်းကာလအပြောင်းအလဲများ။ သည့်ပမာလျှင် လူသားတို့၏ စိတ်၊ ကံ နှင့်တကွသော အရပ်အမောင်း၊ အသက်၊ အမှုအရာ စသည်တို့၏ အတိုးအဆုတ်များသည်လည်း တရွေ့ရွေ့မှုဖြင့် မသိမသာ ချိုး,ချိုးယူနေကြရာ

* ယနေ့ စိတ်ပူ ကံပူတို့ အရှိန်တောက်သလောက် ဥတုခိုး အပူခိုးများ ထန်မောက်နေရာအကြားမှ လူသားမြောက်လာကြရသူများ၏ ကိုယ်နေစိတ်ထားလုပ်ပုံကိုင်ပုံများကို တဲလူ(လူ့ဘဝ တဲတဲလေးမျှကျန်သောလူ)ပိုင်းရှိ လူကြီးများ လိုက်မမှီနိုင်ကြပါ။

* တစ်ဖန် တန့်လူ(သွေးတန့်သဖြင့် စိတ်ရောကံပါတန့်နေသောလူ) ပိုင်းရှိ လူကြီးများလည်း မမှီကြပါ။

* ယနေ့၏ ခေတ်အချိုး ဥတုခိုးအာဟာရခိုးများ၏ဒဏ် ခံနိုင်ရည်ပြည့် မရှိကြတော့သောကြောင့် …။ တစ်ဖန်လည်း လူမမယ်(လူနှယ် မယ်မယ်ရရ ဘာမှအစွမ်းမပြရသေးသော ခလေးအရွယ်)လေးများလည်း ခေတ်ကိုအလံထိုး၍ချိုးပြထားသော ယနေ့ကို မကြုံဆိုနိုင်ကြသေးပါ။ ဥတုခိုး အဟာရခိုးများပြည့်ဖြိုးစွာ ခန္ဓာတွင်း မသွင်းရသေးခြင်းကြောင့် …။

သို့ကြောင့် ကာလသားအမည်အတွက် အထက်ပိုင်းနှစ်ပိုင်းကိုလည်း ပလပ်လိုက်ပါ။ အောက်ပိုင်းအဆင့်ဝနေ ကလေးငယ်များကိုလည်း ပယ်ထားပါ။ ယင်းတို့အကြားရှိ ကာလကို ကာမဖြင့် ကြုံဆို၊ ကာမဖြင့်ပင်ဖြို၍လိုသလို

http://www.dhammadownload.com



ကစားပေးနိုင်သော အရွယ်ရောက်ကလေးများကိုသာ ကာလသားဆိုသော ထို အမည်ပေးရပါတော့မည်။

✱ အသစ်နှင့်အဟောင်း စနစ်ပြောင်းပစ်မည့် မင်းလောင်းကလေးများ။

ဤခုတ်ခေတ်၏ အပူပိုင်းရောက် လူငယ်လူရွယ်များသည် ကာလ သားကား ဖြစ်ကောင်းဖြစ်လာကြမည်။ လူလားမြောက်ဖို့ကား တော်တော်ခဲယဉ်း သွားပေလိမ့်မယ်။ ရာဂ၊ ဒေါသ၊ မောဟ ဆိုသော စရိုက်ဟောင်းပေါင်းမြက်ထ လာသောကြောင့်ပင်။ တက်လူလေးတို့အကြောင်း သည်လောက်ဆိုလျှင် လမ်း ကြောင်းပေါ်လာပြီ။

ထိုမှဆက် အသက် ၃၀ မှ ၅၀ တွင်းသို့ချဉ်းနင်းမိသွားပါသော် ထို လူသားများ ကာလသားဘဝကာလအစားခံကြရင်းက အိမ်ထောင်သည်ဘဝ စသည်တို့ တိုးဝင်သွားကြပြန်ရာ . . .

✱ ဥတုကလည်း မွေးဖွားခဲ့စဉ်ကရှိသောဥတုမျိုးနှင့် တစ်မျိုးကွဲလာနေခြင်း။

✱ ကံ,စိတ်များကလည်း အတွေ့အကြုံလိုက်၍ စရိုက်ကွဲ မှုကွဲ ခွဲထွက် ဟာနေခြင်း။

✱ သွေးလေများကလည်း စားသလောက်မဖြစ်၊ အပျက်ကြားနစ် ဝင်သွားတော့ခြင်း။

✱ အရွယ်၏ပုံပဟန်များကလည်း လောကခံအမျိုးမျိုးအချိုးခံထားရသဖြင့် ညှိုးနေခြင်း။

ထိုအကြောင်းခံများကြောင့် ဒနမွန်းတည့်ချိန်၏ ရှေ့နောက်ရှိ နံနက် ၁၁ နာရီ၊ နေ့လည် ၁ နာရီအတွင်း နွေလည်ခေါင်နေပြင်းထိုးခံရကာ သဲကန္တာရ ခရီးရှည်ကြီးကြား သွားလာနေရသော ခရီးသည်ပမာ . . .

ဘာမဆို လုပ်နေကြမှ လုပ်ရပါသည်ဖြင့် တန့်သွားကြပြီ။ သူ့ခေတ် တုန်းက သူတွင် သူပင်လျှင် စံချိန်တင်ခဲ့ဖူးသော စနစ်ကိုပင်လိုက်မမှီနိုင်တော့ပြီ။

http://www.dhammadownload.com



သွေးပေါင်လေပေါင်များလည်း ကျစပြုနေကြပြီ။ ကံရည်ဉာဏ်ရည်များလည်း သွက်သွက်မလည်ကြတော့ပါ။ စရိုက်ထန်မာန်ဝင့်ခဲ့သည်မှ စရိုက်မှန် ကံစီရင်ခြင်း ထဲသို့ တန်းဝင်သွားပြီ။

မလိုင်နို့တတ်ထားသော နို့ဆီမျိုးကဲ့သို့ • •။

ကာမသို့သက်ဝင်စေသော ကံအစီအမံခံယူမိသဖြင့်သာ ကံပစ်ချရာ လူလာဖြစ်ရပြီး လူဖြစ်သဖြင့် လူ့စနစ်လိုက်နေရခြင်းမျှသာ။ တစ်ဖန် ထိုမှာဘက် အသက် ၅၀ ကျော်မှ မသေမီအထိသွားမိကြပါသော် ထိုလူသားများ "တန်အ ရှယ်" အမျိုးမျိုးတို့ အနွယ်ခံကြရပြန်ရာ • • •

* သွေးခမ်းသားခမ်း အတွင်းနေလေနှင့်အပူများသောင်းကျန်းခံနေကြရပြီ။

* အရိုးခြောက်အကြောလိမ် အကြည်ဓာတ်များကပါ မှိန်ကျလာနေပြီ။

ထို့ကြောင့် ကံမလွန် ဉာဏ်မလွန် လူညွန့်တုံးသွားတော့ရာ လူ့အရာ မဝင်နိုင်ကြပြီ။

လူ့ဘဝထဲ တဲတဲကလေးမျှ ကျန်သောကြောင့် "တဲလူ" အပိုင်းတည်း။ လူ့ဘဝကာမနှင့် ဘဝရပိုင်ခွင့်ဆုံး လူညွန့်တုံးဆိုသော "တုံးလူ" အပိုင်းတည်း။ ထိုအပိုင်းရှိ လူသားတို့ ပုံဟန်များသည် အတိုက်အခိုက်လုပ်၍ ခန္ဓာအားကြီးထွား ပေးကြရာ အတွင်းဓာတ်လေးပါးတို့တွင် အတိုက်ဓာတ်များဖြစ်ကြသော ရေနှင့် မြေ(အမာခံဓာတ်၊ မွမ်းမံဓာတ်)များက တဖြည်းဖြည်းနောက်ဆုတ်ပေးနေရချိန် များနှင့် ပက်ပင်းတိုးလူသားများဖြစ်နေကြခြင်းကြောင့် • • •၊

သွေးခမ်းခြင်း၊ အသားလျော့ခြင်း၊ အရေခြောက်ခြင်းများနှင့်အတူ အင် အားကုန်ခမ်း ခေါင်းကုန် လည်တုန်ရမ်းများဖြစ်လာကြမည်။ မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်များ၏ အကြည်ဓာတ်များလည်း ယုတ်လျော့လာကြတော့ မည်။ သို့ကြောင့်

* နေပုံ ထိုင်ပုံကြည့် ယိုင်ခွေလှုပ်လဲ့ခပ်ယဲ့ယဲ့သာ။

http://www.dhammadownload.com



* ခန္ဓာပုံလာပုံကြည့် ဝိုင်ဝိုင်နိုင်နိုင်မရှိ တုန်ချိတုန်ချိသာ။

* ပြောပုံဆိုပုံကြည့် မာမရ သော့မရ လေသံပျော့ပျော့မျှသာ။

လူ့ဘဝထဲ တဲတဲလေးမျှဖြင့်အသက်ရှည်နေသော တဲလူသားများတည်း။

ထိုအချိန်တွင် ကိုယ်မဝင်သာ စိတ်၌ကား ဉာဉ်ပါနေခြင်းကြောင့် မလုပ်ဘဲထိုင်ကြည့်နေရလေ အားမရလေဖြင့် ကလေးတို့လုပ်ပုံကိုင်ပုံများကြည့်၍ ထိုင်ကားရား ထကားရားဖြစ်နေတတ်သည်။ မိမိဖြတ်သန်းခဲ့ရသောခေတ်နှင့် ယနေ့တွေ့နေမြင်နေရသောခေတ် ထိပ်တိုက်တွေ့မိလေတိုင်း သဘောမတွေ့သောကြောင့် အဖိုးကြီးတော့ စိတ်တို၊ အဖွားကြီးတော့ စကားများ ထုံးစံအတိုင်း အဖိုးဒိုက ကလေးများနှင့် တုလျက်ရန်ဖြစ်မည်၊ အဖွားဒိုက ဘေးမှနေ ဗျစ်တောက်ဗျစ်တောက်ပြောဆိုမည်။ သို့နှင့်ပင် သံလမ်းပေါ်မီးရထားကြီးအတွဲလိုက် အတွဲလိုက် ထွက်ခွာပြေးသွားသော်မှ ဘူတာကြီးကား ငုတ်တုတ်ကျန်နေခဲ့တော့သည့်ပမာ • • ။

ယနေ့ခေတ်၏နောက် ထိုအဖိုးအဖွားတို့ နောက်ကျကျန်နေရစ်ကြပြီ။ ရုပ်ကားလူအသွင် သို့တိုင်လူအရာမဝင်၊ လူတော သူတောထဲမှ ဖဲကြဉ်ခံထားရသူများတည်း။ ထိုအဖိုးထိုအဖွားများ၏ စဉ်းစားစရာတစ်ကွက် ကျန်နေချေသေး။

လူတို့၏ခန္ဓာခေါ်ကိုယ်သည်လည်း အစာကျွေးမွေးမြူမှ ကြီးထွားခွင့်ရ၏။ သည့်အတူ စိတ်သည်လည်းအစာကျွေးမွေးမြူပေးမှသာ စိတ်ကြီးထွားခွင့်ရလာ၏။ ထိုစဉ် ကိုယ်ခေါ်ရုပ်၏အစာကား ထမင်းအဖျော်စသည် အစားအသောက်များတည်း။ စိတ်ခေါ်နာမ်၏အစာကားသတိတည်း။

ထိုသို့မွေးမြူရေးလုပ်ကြရာ ရုပ်ကားနံနက်ပြန် ညပြန်မျှမက ဆိတ်ပါးစပ်ကဲ့သို့ တစ်နေ့ခင်းလုံးလည်းတွေ့သမျှအစာ သွင်းချည်းပေးနေကြရာ ထိုရုပ်ကိုယ်ကြီး အချိန်နှင့်စက်၍ တရှေ့ရှေ့တက်စေခဲ့ကြ၏။ သည့်ကြားထဲ ဥတုကလည်း အေးတစ်ချီပူတစ်လှည့်တို့ဖြင့် မြေတောင်မြှောက်ပေးသေး၏။ ကံနှင့်

http://www.dhammadownload.com



စိတ်များကလည်း အပူလွန်တစ်မျိုး အအေးလွန်တစ်ဖုံ ပြုပြင်ပေးနေကြသေး၏။

စိတ်ကိုကား နံနက်တစ်ချိန် ညတစ်ချိန် ပုံမှန်အဖြစ်ဖြင့်သာ သူ့အစာ သတိကို ရတနာ့ဂုဏ်အာရုံတစ်ခုခုနှင့်ညှပ်၍သော်လည်းကောင်း၊ ဘာဝနာမှု (ကောင်းစိတ်များတိုးပွားစေသောအမှု)တစ်ခုခုနှင့် တွဲဖက်၍သော်လည်းကောင်း ဂရုတစိုက်တိုက်ကျွေးမွေးမြူခဲ့သော အဖိုးများ အဖွားများဖြစ်နေခဲ့သော် . . .

ငယ်ငယ်က ချဉ်သော်လည်း ကြီးရင့်၍မှည့်ဝင်းလာသောအခါ လေးလေးပင်ပင် ချိုမွှေးလှသော ပင်မှည့်သရက်သီးကြီးများပမာ အသိဉာဏ် ရင့်ကျက် စိတ် မကလက်တော့သောကြောင့် . . ၊

နောက်နှောင်းလေးတို့ အားထားရသည့် တန်ဖိုးကြီးမား အဖိုးကြီးများ ဖြစ်လာနိုင်ကြပါ၏။ သမီးမြေးမြစ်လေးများလူအလားဖွားပေးရာ အဖွားကြီးများ ဖြစ်လာနိုင်ကြပါ၏။ သို့မဟုတ်ပါဘဲ ငယ်စဉ်က ရုပ်ကိုသာ အစာသွတ် စိတ် ကိုကား ပေါက်လွှတ်ပဲစား ပစ်ထားခဲ့ကြပါမူ မိမိအောက်ရှိ သားသမီးမြေးမြစ် များ ငရဲကြီးကြရတော့မည်။ အတူနေများလည်း စိတ်ဆင်းရဲကြရတော့မည်။ မိမိကိုယ်တိုင်ကလည်း စိတ်အလို ကိုယ်မလိုက်နိုင်၊ ကိုယ်အထားစိတ်ကမဝင်စား ဖြင့် ကိုယ်ကြီးစိတ်သေးအဖြစ် ရောက်ကြရတော့ရာ ဖိုးကလေးကြီးနှင့် ဖွားလုံမ လေးတို့ အမည်ထိုက်တန်စွာခံရတော့ပါမည်။ အဖိုးကြီးအဖွားကြီးများတည်း။ ဤသို့ဆိုခဲ့ပြီးသော

* လူသည် ကံစိတ်ဥတု အာဟာရတို့၏ ပြုပြင်မှုကိုခံယူ၍ လှုပ်ရှားပြ နေရသည်။

* လူသည် ကံပင်းညာဉ်သွေး စရိုက်သွေးဝါသနာသွေးများကိုမှီ၍ သရုပ်ဆောင်ပေးနေရသည်။

* လူသည် အရွယ်ကိုမှီ၍လည်း သခါရတို့၏သရုပ်ထုတ်ဖော်ပြပေး နေရသည်။

http://www.dhammadownload.com



ထိုအကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကိုထောက်ဆ၍ လူတစ်ဦး တစ်ဦးစီ၌ ကံကောင်းကံဆိုးအဖြစ် အမည်ခံကြရပါသည်။ သည့်အတူ စိတ်သဘောထားကောင်းသူ၊ မကောင်းသူအဖြစ်လည်း အမည်ခံကြရပါဦးမည်။ ထိုမှဆက်၍ ဆန့်ကျင်ဘက်များအဖြစ် သရုပ်ပြကြရရာ

* အချို့သက်တမ်းမစေ့မီ သေပေးကြရပြီး အချို့ကား အသက်လွန် အထိနေပြသွားဦးမည်။

* အချို့အသက်နှင့်အမျှ နာရဖျားရပြီး အချို့ကား နာစေးခေါင်းကိုက် ပင် မဖြစ်တတ်။

* အချို့ကိုယ်နေကာယ ချောမောလှပပြီး အချို့ကား အကျည်းတန် ရုပ်ဆိုးကြီး။

* အချို့ပစ္စည်းခနေ ကုံလုံကြွယ်ဝပြီး အချို့ကား စားရမဲ့သောက်ရမဲ့မျိုး။

* အချို့ အခြွေအရံများ ဝိုင်းဝိုင်းလည်၊ အချို့ကား အထီးကျန် တစ် ကောင်ကြွက်သမား။

* အချို့ ပညာရည်ချွန် လူရည်မွန်၊ အချို့ကား ပညာမဲ့လူရမ်းကား။

* အချို့ကား အမျိုးကောင်းအမျိုးသန့်၊ အချို့ကား အမျိုးယုတ်ညံ့သူ။

ဤသည်မှာ ကံစိတ်စသည့် အကြောင်းခံများက မွေးထုတ်ပေးလိုက် သော လူတန်းစားများတည်း။ ထိုနှင့်တစ်ဆက်တည်း ဆန့်ကျင်ဘက်နေရာ ဝင်ယူသည်များမှာ အရွယ်အစားများ ပုခြင်း၊ ရှည်ခြင်း၊ ပိန်ခြင်း၊ ဝခြင်း၊ စိုပြေခြင်း၊ မွဲခြောက်ခြင်း၊ ဖြူခြင်း၊ ညိုခြင်း(မဲခြင်း)၊ သွက်လက်ခြင်း၊ လေးကန်ခြင်း စသည် များဖြင့်ပင်။ ထိုအထဲ မူလအရင်းခံကွဲလွဲသော ဗိမဗိဇသတ္တိအရကွဲလွဲသော လူမျိုးခြားစသည်များပါထည့်ဝင်ပေးလိုက်လျှင် သခါရလေးပါး(ကံ-စိတ်-ဥ-ဟာ) ပြုပြင်ရေးသမားများနှင့် ဉဥ်စရိုက်များက ထွင်ပေးလိုက်သော ထွင်လုသား များ၏ဟန်ကား စံ အဖြစ် ပေါ်လွင်စေရပြီ။ ထို သခါရလေးမျိုးတို့တွင်···

http://www.dhammadownload.com



* ဥတုနှင့်အာဟာရနှစ်ပါးကားအိမ်ရှင်၊ ဩကာသလောကကြီးပိုင် အလုပ်သမားများတည်း။

* ကံနှင့်စိတ်နှစ်ပါးကား ဧည့်သည်၊ သတ္တလောကပိုင် အခစား အလုပ်သမားများတည်း။

ထိုသို့လူဥ္ပပြုပြင်ပေးနေသော သခါရနှစ်တွဲဆန်ကျင့်ဘက်အားဖြင့် ကွဲလွဲ နေကြရာတွင်

* ရံတစ်ခါ အိမ်ရှင်လက်စွမ်းပြလွှတ်လိုက်သောကြောင့် လူများ၌ အရှယ်အသက်နှင့် ကံစိတ်များတစ်မျိုး အတိုးအဆုတ်ဖြစ်လာခဲ့ကြရပါသည်။

* ရံတစ်ခါ ဧည့်သည်က လက်စွမ်းပြထားခဲ့သောကြောင့် ရေမြေ တောတောင်မှ ဥတုနှင့်အာဟာရများ တစ်မျိုး အတိုးအဆုတ်ဖြစ်ကျန်နေရစ် ခဲ့ကြပါသည်။ သို့ကြောင့်...

တစ်ချိန်နှင့်တစ်ချိန် ကာလ၏ အရှိန်လည်း မတူကြပါ။ ကာလတွင်း ဆင်း လူသားများလည်း မတူနိုင်ကြတော့ပါ။ အားလုံးလည်း သဘောကွဲချည်း ဖြစ်လာကြရပါတော့မည်။ နိယာမတည်း။

ယနေ့သည် ကာလသားလေးများပိုင်သောနေ့တည်း။ အရွယ်ရောက် သူများသာ ယနေ့ရှိ ဥတုအာဟာရတို့နှင့် အံကိုက်၊ ရှင်လိုက် လိုက်နိုင်ကြ မည်။ ယနေ့၏ဥတုနှင့် အာဟာရတို့က မျှားပြထားသော အခြေအနေကို ယနေ့၏ခေတ်ပိုင် ကာလသားလေးများရှိ ကံနှင့် စိတ်များကသာ အထာကောက် တတ်ကြတော့မည်။

ယနေ့၏ ယနေ့ကို

* ယမန်နေ့မွေး တန့်လူတဲလူများလည်း တစ်ရက်နောက်ကျ၍န်းအရ မမှီနိုင်ကြတော့ပါ။

* နက်ဖြန်မွေး တော့လူ ခေါ် လူမမယ်လေးများလည်း တစ်ရက်လို၍န်း

http://www.dhammadownload.com



အရ မရှိနိုင်ကြသေးပါ။

ယနေ့၏ ယနေ့လူသားများသည်သာ

* ဥတုနှင့် အာဟာရခိုးတို့လှုပ်နှိုးသည့်အတိုင်းလည်း ကိုယ်လှုပ်နှုတ်ဖွင့် ကျင့်ခွင့်သာကြ၏။

* ဥတုနှင့်အာဟာရစွမ်းများကာမ်းလှမ်းသော အတိုင်းလည်း ကံနှင့်စိတ်တို့ ချိတ်ခွင့်သာကြ၏။

ထိုစဉ်

* ညှိသည့်ကံစိတ်တို့၏ အကောင်းအဆိုးလိုက်၍ ဥတုနှင့်အာဟာရများ အနုအကြမ်းဖြစ်၊

* တစ်ဖန်အိမ်ရှင် ဥတုအာဟာရတို့၏ အကြမ်းအနုလိုက်၍ ကံနှင့်စိတ်များ ကြမ်းလာပြီ နုလာပြီဖြစ်။

ဤအတိုင်းပင် သခါရစက်ကြီး ပတ်လည်လှည့်လျက်က လူ့အားဖျက်ဆီးပစ်ကြ၊ ပြုပြင်ပေးကြ၊ ပြုလုပ်ကြမည်ဖြစ်ရာ အလိမ္မာကြားဝင်လူသားမည်သို့လျှင် အတည်ထားနိုင်ပါမည်နည်း။ အချိန်နှင့်ဆက်၍ အတိုးအဆုတ်အယုတ်အမြန် ပတ်နေမည်သာ။

ဤမျှ အခြေပျိုးပြနေသည်မှာ ကာလပေါ်စဉ်းစားစရာလေးများအကြောင်း တစေ့တစောင်းမီးမောင်းထိုးပြချင်လွန်း၍သာ။ ယနေ့၏ယနေ့သည် ကာလသားသမီးလေးများ၏နေ့များတည်း။ သို့ကြောင်း ယင်းကာလသားသမီးလေးများသည် • • •

* ယနေ့နှင့်လိုက်ဖက်သော ခေတ်သဘောတများကိုလည်း လေ့ထုံးစံ၏မှုအဖြစ်ထွင်ပေးထားခဲ့ကြပါမည်။

* ယနေ့၏ဥတုနှင့်အာဟာရတို့က ညွှန်းဆိုနေသော အပူအအေးအချက်ပြကိုယ်နှုတ်အမှုအရာ သရုပ်များကိုလည်း လေ့ထုံးစံ၏မှုအဖြစ် ထွင်

http://www.dhammadownload.com



ပေးထားခဲ့ကြပါမည်။

* ယနေ့၏ လူသားလက်ကိုင် ကံစိတ်တို့၏ တည်နေပုံများကိုလည်း ယနေ့ခေတ်၏ ဓလေ့ထုံးစံများအဖြစ်ကျန်ရစ်အောင် လှသုံးကုန်ပစ္စည်းများဖြင့် သက်သေထားခဲ့ကြပါမည်။

ကာလသား။ ။ ယနေ့အချိန်၏ဝါးမြိုစားသုံးစရာ သားကောင်လေးများတည်း။

ကာလသား။ ။ ယနေ့အချိန်ကို ပီပြင်စွာ သရုပ်ဆောင်ပြကြမည့် သားကောင်လေးများတည်း။

ကာလသား။ ။ ယနေ့၏ခေတ်တစ်ခု စနစ်တစ်ခုကို တီထွင်ဆန်းသစ်ပြကြမည့်သားကောင်လေးများတည်း။

အလုပ်သုံးမျိုး တာဝန်သုံးခုဖြင့် ပွဲဝင်လာကြသော ထိုကာလသား(သမီး) လေးများသည် ပစ္စည်းရှိသူ၊ ဂုဏ်ရှိသူ လူငယ်လူရွယ်လေးများက လက်ရှိစနစ် အားမရတိုင်း မိမိဉာဏ်ရှိ့ရှိသလောက် ထွင်ကြည့်ကြ၏။ ကိုယ်တိုင်ကြည့်အား ရသော် အများရှေ့ချပြခြင်းအားဖြင့် ကြွားဝါကြရာ ပစ္စည်းမဲ့ဂုဏ်မဲ့များကလည်း အားကျမခံ လိုက်တုကြပြန်ပါ၏။

* အချို့အလုရှိပြီးဖြစ်လျက် အလုပိုသထက် ပိုထွက်လာရန်ထွင်ပြကြ၏။

* အချို့ချော့မွေ့ပြီး ဖြစ်လျက်က ချောသထက်ချောညက်လာရန် ထွင်ပြကြ၏။

သမရိုးကျရှေ့မှ ကိုးရိုးကားယားသည် အများမျက်စိ၌ ကန့်လန့်တိုးတိုး၍ ထိုးဆောင့်ဝင်လာမြဲဖြစ်ရာ ထို"ထွင်ပြ"များလည်း အများမျက်စိဝယ် ကန့်လန့်ပင်ကိုယ်ထင်ပြတော့၏။ ထိုအခါ ခံစားနေကြ တုတ်ခြစ်ဝေဒနာထက် ရုတ်တရက်ကျ ဓားထိဝေဒနာက မျက်ကန်းဖြစ်သွားချေရာ ကာလသားသမီး နောက်လိုက်လေးများက အရှိက်ထိ အစွဲငြိသွားကြပြီ။

အရွယ်လွန်ရှေ့နေကြီးများက မျက်မုန်းကျိုး မျက်ရိုးခိုးလိုးခလုဖြစ်ကြ

http://www.dhammadownload.com



ပြီ။ ထိုနှစ်ခုတို့၏ ဆန့်ကျင်ဘက်အကြားတွင် တက်လူကာလသားလေးများ၏ နောက်ဝယ် ထောက်ခံမည်၊ လက်ဆက်ယူမည်၊ အလေးအနက်ထားမည်ဆို သော နောက်လိုက်များကား တစ်သိုက်ပြီးတစ်သိုက် မွေးဖွားလျက်လိုက်လာ မည်ဖြစ်ပြီး တန့်လူတဲလူကြီးများ၏ ရှေ့မှာနေ ဆန့်ကျင်သည်၊ပစ်ပယ်သည်၊ ကလေးကလားအဖြစ်ထားသည် ဆိုသူများက ဟောတစ်ယောက်၊ ဟောတစ် ယောက် အမှည့်ကြွေ··ကြွေ၊ သချိုင်းတံခါးပေါက် တံခါးခေါက်ပြီး အသေအ ဖြစ်ဝင်သွားကြတော့ရာ ကြာလေလူနည်းစုဖြစ်လေ၊ ကြာလေအရေးနိမ့်လေ ဖြစ်ကြရတော့မည်။ သို့ကြောင့်···

ဤ၌ စဉ်းစားစရာလေးများအဖြစ် ကာလပေါ်လေးများကိုသာ ထုဆစ် ကြည့်တော့မည်။

ကာလသား(သမီး)များ အရွယ်ရောက်လာပြီဆိုကတည်းက ကာလကို မွေးမည့် ကာမသွေးများတဖွေးဖွေး အပြေးဆင်းလာနေသူများပင်၊ ကာလက မွေးမည့် ကာမသွေးများတနွေးနွေး အပြေးဆင်လာနေသူများပင်။ ထိုကာလ သည် ကိုယ်လိုသားသူက ကိုယ်ကြိုက်သော ပစ္စည်းများပေးကမ်းစွန့်ကြဲလျက်က သူတစ်ဖက်စားစေလို သောက်စေလိုသော စေတနာ၊ သူတစ်ဖက်ချမ်းသာစေ လိုသော ကြည်နူးစေလိုသော စေတနာ၊ သူတစ်ဖက် ကောင်းကျိုးသက်ရောက် စေလိုသော စေတနာထားစဉ်က ထဖြစ်လာသော ကာမ···ကိုယ့်အကြောင်း ပြု၍ သူ့အကျိုးရှေ့ရှုလိုက်ခြင်းများ။

ထိုကာမသည် ထိုသူတစ်ဖက်၌ရှိသော ကိုယ်ကျင့်သီလ၊ ထိုသူတစ် ဖက်ထားရှိသော မေတ္တာ၊ ထိုသူတစ်ဖက်အားပေးသော တုန့်ပြန်ခြင်းတို့ကို မြေခံလယ်အဖြစ် အကြောင်းခံထား၍ မိမိစေတနာကို မျိုးစေ့အရာအထား၊ မိမိဘဝတစ်ပါးရောက်ချိန် အကျိုးပေးအဖြစ်ခံစားလိုသော ဆန္ဒမှထဖြစ်လာ သော ကာမ၊ သူ့အကြောင်းပြု ကိုယ့်ကျိုးရှေ့ရှုလိုက်ခြင်းများ။

http://www.dhammadownload.com



ယင်းကို"ကာမာဝစရကုသိုလ်"အမည်တွင်စေ၏။

ကာမ - သူလိုကိုယ်လို လိုနှစ်လိုဖြင့်၊ ဝစရ-ကျင်လည်ကျက်စား ခွင့်ရစေခြင်း။

ကာမဝစရကုသိုလ် - အပြစ်မတိုး ကောင်းကျိုးတို့ဖြင့် သူ့အကျိုး ကိုယ်ဖြည့်စွမ်း ကိုယ့်အကျိုးသူဖြည့်စွမ်း တစ်လမ်းထဲနှစ်ဦးတွဲ လှမ်းသွားခွင့်ပြုခြင်း။

သို့ကြောင့် ကာလနှင့်ယှဉ်၍ ကာမသွေးအပြေးဆင်းလာသူ ဒင်းက လေးများသည်

* အလိုကြမ်းလမ်းအဖြစ်ထား၍ ဆန့်ကျင်ဘက်သို့ အမြဲလက်ကမ်းနေ လေ့ရှိကြရာ

* အလိုဆန်းတန်းအဖြစ်ထား၍ လိုသူကိုသာ အလိုတူဖြင့် အမြဲလမ်း ဖွင့်ထားလေ့ရှိကြရာ

ရံတစ်ခါ ကာလသားလေးများရှေ့သို့ ကာလသမီးလေးများ ဖြတ်သန်း သွားလာပြ၏။ ရံတစ်ခါ ကာလသမီးလေးများရှေ့သို့ ကာလသားက ဖြတ်သန်း သွားလာပြ၏။ ထိုသို့ ပြရာတိုင်း၌ပင် မိမိကိုယ်ကို

* အသစ်လွင်ဆုံး အလှပဆုံးသော ဝတ်စားတန်ဆာခွါရရာများဖြင့် လည်း ဆင်ယင်ပြကြ၏။

* အမွှေးဆုံးအကြိုင်ဆုံးသော နံ့သာအမျိုးမျိုးဖြင့်လည်း လိမ်းခြယ်ပြကြ၏။

* အလှပဆုံး အကျော့ရှင်းဆုံးသော ကိုယ်အနေဟန်ထားများဖြင့် လည်း သွားလာလှုပ်ရှားပြကြ၏။

* အချိုလွင်ဆုံးအသာယာဆုံးသော အသံလွတ်အသံထားများဖြင့် လည်း ပြောဆိုပြကြ၏။

* အနူးညံ့ဆုံး အသိမ်မွေ့ဆုံးသော ကိုယ်ဝင်အတွေ့ကောင်းများ ဖြင့်လည်း ဆက်ဆံပြကြ၏။

http://www.dhammadownload.com



ဤသို့ စဉ်းစားစရာ ဖြစ်လာရသည်မှာ တစ်ဖက်နှင်တစ်ဖက်တွေးဆုံကြရာတိုင်း၌ပင် ကိုယ့်တစ်ဖက်၌လည်း မီးစနှင့်ရေမှုတ် တစ်ဖက်စီပမာ၊ အာရုံနှင့် အာရုံခံနှစ်မျိုး။ သူ့တစ်ဖက်၌လည်း မီးစနှင့် ရေမှုတ်တစ်ဖက်စီပမာ အာရုံခံနှင့် အာရုံလှုတ်နှစ်မျိုး။

ထိုသို့ရှိနေကြရာတွင် ဤမှာဘက်မိမိ၌ ပြင်ဆင်ထားသော အာရုံလှုတ်ကရိယာ အဆင်းအနံ့စသည်များကား သူ့တစ်ဖက်ရှိအာရုံခံကိရိယာ မျက်စိနား စသည်သို့ ပို့အပ်ရ၏။ တစ်ဖန် သူ့တစ်ဖက်ရှိ အဆင်းအနံ့စသည်များလည်း မိမိထံရှိ မျက်စိနှာခေါင်းစသည်များသို့ လာရောက်ပို့အပ်နေခြင်းများပင်ဖြစ်နေကြရာ...

* ကာလပေါ်မိန်းခလေးတို့ ပြင်ဆင်ချယ်မှုန်းထားသော မိမိ၏ကိုယ်လုံးပေါ်အလှအပများသည် မိမိအတွက်လေလား၊ သူတစ်ဖက်သားများ မျက်စိခံစားစရာများပဲလား။ စဉ်းစားစရာပင်။

* ကာလပေါ် မိန်းခလေးတို့ဆွတ်ပျံ့လာသော အမွှေးအနံ့ကလေးများကလည်း မိမိအတွက်လေလား သူတစ်ဖက်သားတို့ နှာခေါင်းယားစရာပေပဲလား။ စဉ်းစားစရာပင်။

* ကာလပေါ်မိန်းခလေးများ၏ ဆွတ်ပျံ့သောအသံ ကြည်နူးစရာလေးများကလည်း မိမိအတွက်လေလား သူတစ်ဖက်သားတို့ နားအရသာခံရန်အတွက်ပေပဲလား။ စဉ်းစားစရာပင်။

သည့်အတူ မိမိရှိအာရုံအသီးသီးတို့မှ ထုတ်ယူခံစားအပ်သော အရသာ၊ အတွေ့အထိ၊ စိတ်ကူးယဉ်စရာ စသည်များကလည်း မိမိအတွက်လား။ အများအတွက်လား။ စဉ်းစားစရာများချည်းသာ။

ယနေ့ကာလပေါ် အမျိုးသမီးတိုင်း မိမိ၌ရှိသောအာရုံငါးဖြာ ကစားစရာများကို ခေတ်အမီဆုံး၊ အလှပဆုံးခြယ်မှုန်း၍ သူတကာမြင်သာကြားသာရာ

http://www.dhammadownload.com



သွားလာလှုပ်ရှားပြနေကြပါသည်။ ယနေ့ကာလပေါ်အနှီးသားတိုင်းလည်း မိမိ၌ရှိသော အာရုံငါးဖြာကာစားစရာများကို ခေတ်အမီဆုံးသော ထုံးနွှန်းများဖြင့် ဆင်ယင်၍ အများမြင်သာရာရှေ့ ငွေပြနေကြပါသည်။ ထိုပြကွင်း ပြကွက်အားလုံးတို့သည်ပင်

* ထမင်းထုပ် အမျိုးမျိုးကျောပိုး၍ မီးဘေးဒုက္ခသည်တို့အကြား သွားလာနေသော ကယ်ဆယ်ရေးသမားများပမား။

* အကြော်မျိုးစုံဘမ်းတင်ခေါင်းရွက်၍ ရပ်ကြိုရွာကြားလှည့်လည်သွားနေသော မုန့်သည်များပမာ။

သူတကာတို့အာရုံကုန် အစုံအစိ အခွင့်ရေးရသလောက်ထည့်၍ မိရာဖမ်း အပန်းဖြေရန်အတွက်ဖြစ်နေကြပါသည်။ အကာယ်တိတိ ရောင်းသူဝယ်သူဈေးတည့်ကြသဖြင့် တစ်ဦးတည်းပိုင် ကာမပိုင်လင်၊ ကာမပိုင်မယားအရာသို့ကျသွားချေသော်မှ လင်အတွက် မယားအတွက်မျှ အသုံးဝင်သည့်အာရုံထူးတစ်ခုစာ နှစ်ခုစာမျှသာ ဖုံးဖိသိုဝှက်ထားတတ်ကြပြီး ကျန်ဘန်းပြအာရုံများကား အများအားဝေငှလျက်ကသား။ သို့ဆိုသော်

အာရုံငါးပါး(ကြည့်လိုသော ကြားလိုသူတို့ခံစားရန်)ကြည့်စရာရှုစရာများအဖြစ် ကိုယ်ခန္ဓာ၌တပ်ဆင်လျက်က မွေးဖွားလာရသော မိမိဘဝသည် မိမိအတွက်လား။ သူတစ်ပါးအတွက်လား။ စဉ်းစားစရာများအဖြစ် ခုံရုံးတင်ရမည့်အမှုမဟုတ်လော။

ယနေ့၏ ယနေ့ကိုပိုင်ဆိုင်နေကြသော ကာလပေါ်လေးများသည်

ဥတုခိုး၏နှိုးဆွခြင်း၊ အစာခိုးများ၏နှိုးဆွခြင်းများနှင့်အတူ အချိန်၏အရှိန်လှိုင်းများသည်လည်း တိမ်ခြင်းနက်ခြင်း၊ နုခြင်းကြမ်းခြင်းများ ဖြစ်ထွန်းနေချေရာ

ကာလပေါ်အချိန်၏ ဝါးမြိုခြင်းခံနေရသော ယင်းကာလပေါ်လေးများရှိ

http://www.dhammadownload.com



ကံနှင့်စိတ်ထားများသည်လည်း အတိမ်အနက်၊ အနုအကြမ်းများဖြစ်လျက်ရှိ နေကြပါသည်။ ထိုစဉ်

* ကံနှင့်စိတ်တွင်လည်း ကံသည် စိတ်ညွှတ်ရာအတိုင်း လိုက်လံ ပြုကျင့်ပေးနေရ၏။

* အစာနှင့်ဥတုတွင်လည်း အစာသည် ဥတု၏ အမိန့်အတိုင်းလိုက်လံ ဖြစ်ထွန်းပေးနေရ၏။

တစ်ဖန်ပြင်ပနေ အစာနှင့်ဥတု အတွင်းအပြင်ရှိ ကံများသည်ကား စိတ်အလိုကျ ထကြွပေးနေကြရ၏။

* ထိုလေးမျိုးတို့ အတိုးအဆုတ်အတိုင်းယင် ကာလပေါ်လေးများ၏ အမှုအရာများ တိုးဆုတ်နေကြရ၏။

* ထိုလေးမျိုး၏ အထိုးအကျင့်အတိုင်းယင် ကာလပေါ်လေးများ၏ ကိုယ်ခန္ဓာများ အတိုအရှည်ဖြစ်နေကြရ၏။

* ထိုလေးမျိုး၏ အနုအကြမ်းအတိုင်းယင် ကာလပေါ်လေးများ၏စိတ်များ သည်လည်း အထန်အပျော့ဖြစ်နေကြရ၏။

ထိုအနုအကြမ်းများမှ မွေးဖွားလာရသော ကာလပေါ်သားသမီးလေး များကား ဥတုကြမ်း၊ အာဟာရကြမ်းဆိုသော ဩကာသနယ်မြေ ခြေချခွင့်ရစဉ် ရာဂထန် ဒေါသထန် မောဟကပါထန်လာတော့သဖြင့် ဆန့်ကျင်ဘက် သီလ သမာဓိ ပညာများလုံးပါးပါးသွားစေတော့သည်။

တဖန် အအေးလွန်ဥတု အဆီပါသောအစာများဖြစ်ပွားချိန်ဆိုသော ဩကာသမြေ ခြေချခွင့်ရ ကာလပေါ်လေးများ၏ ကံနှင့်စိတ်၌ ရာဂပါး ဒေါသ ပါး မောဟကပါပါးနေတော့ရာရကား ဆန့်ကျင့်ဘက် သီလ သမာဓိ ပညာများ ထွန်းကားလာစေတော့သည်သာ။

အထက်တန်းစား အကျင့်ကောင်းအကျင့်မှန်များသည် ခေတ်ပျက်ချိန်

http://www.dhammadownload.com



တိုင်းပြည်တွင်းသူ့ပုန်သူကန်များသောင်းကျန်းနေ့ချိန် ပစ္စည်းရှိများ ရှောင်ပုန်းနေကြရသည်ပမာ... ရာဂထန် ဒေါသထန် မောဟထန် ချိန်ဝယ်မထွန်းကား။

အောက်တန်းစား အကျင့်ယုတ် အကျင့်မှားများကား တောမီးလောင်တောကြောင်လက်ခမောင်းခတ်ပမာ ထိုခေတ်ပျက်ခေတ်ဆိုးမျိုးကျမှ အစွမ်းပြကြမည်။ သို့ကြောင့် ခေတ်ကြမ်းခေတ်ယုတ်ထဲက ကာလပေါ်လေးများ၏ ဆိုးသွမ်းမှုများအပေါ် ယင်းကာလပေါ်လေးများကိုလျှင် အပြစ်တင်ရမလား၊ ဖောက်ပြန်ယိုးယွင်းလျက်ရှိသော အချိန် ခေါ် ကာလဆိုးကြီးကိုပင် အပြစ်ပုံချရမလား။ စဉ်းစားစရာပင်။

သည့်အတူ... ယနေ့ကာလပေါ်လေးများကို ယမန်နေ့ဥတုကြားမှ မွေးဖွားကြီးပြင်းလာကြရသော တန့်လူ့နှင့်တဲလူ၊ တုန်းလူများက ကြည့်မရရှုမရကြပါ။ ယနေ့ကာလပေါ်လေးများကလည်း ယနေ့ဥတု၏ထိုးခွန့်အလျောက်မျောက်ကပင်ရှုံးရလောက်အောင် ဆော့ပြနေကြပါသည်။ ယင်းကိုလည်း ကာလနောက်ကျန်ကြီးများ အပြစ်ဆိုရမလား။ ကာလပေါ်လေးများအပြစ်ဆိုရမလား။ စဉ်းစားစရာပင်။

စဉ်းစားစရာများသည် စဉ်းစားလိုသူများအတွက် စဉ်းစားစရာအကွက်များအဖြစ် တစ်ကွက်ပြီးတစ်ကွက် တင်ဆက်နေမည်သာ။ ကောင်းသည်လည်းရှိ၏။ ဆိုးသည်လည်းရှိ၏။ အကျိုးများစရာလည်းရှိ၏။ အကျိုးနည်းစရာလည်းရှိ၏။ သောင်းပြောင်းရောယှက် တစ်လောကလုံးကြီးအတွင်း ပြည့်လျက်ပင်။ ထိုစဉ် အတိတ်ကလည်း အတိတ်နှင့်အတိတ်ထက်အတိတ်များချိတ်မိနေကြပြီး အငြင်းပွားလျက်ကပင် ဤမှာဘက် ပစ္စုပ္ပန်သို့ ပွဲဆက်လာခဲ့ကြပါသည်။

ဤပစ္စုပ္ပန်တွင်လည်း ပစ္စုပ္ပန်ရှေ့က ပစ္စုပ္ပန်များနှင့် လက်ရှိပစ္စုပ္ပန်ဥတုချင်းကအစ၊ အစာချင်း ကံချင်း စိတ်ချင်း ကွဲပြားနေကြသည်နှင့်အမျှငြင်းလက်စစကားမဆုံးတော့ပါ။

နတ်တလုစာစဉ်

http://www.dhammadownload.com



နောင်ဆိုသော အနာဂါတ်တွင်လည်း ဤမှာဘက် ပစ္စုပ္ပန်လက်ကျန်များနှင့် အနာဂတ်ဥတုကြား မှ ဖွားသက်လာကြသော ကာလပေါ်လေးများ၏ အခြင်းတရားက အချင်းများလျက်ကာသာရှိကြမည်။ အနာဂါတ်၏ ဥတုနှင့် အာဟာရတို့ ထားသိရာ ဩကာသလောကကြီးသည် ဤပစ္စုပ္ပန်လူသားများရှိ ကံစိတ်နှစ်ပါး ပြုစုထားခဲ့သောအတိုင်း ပက်လက်ကျန်ရစ်ခဲ့ပါမည်။ ဤပစ္စုပ္ပန်လူသားများရှိ ကံစိတ်နှစ်ပါးကလည်း အတိတ်က ပက်လက်ကျန်နေခဲ့သော ဩကာသ လောကကြီးပေါ်ရှိ ဥတုအာဟာရတို့အကြားဖွားမြင်လာခဲ့ကြပါသည်။ သို့ကြောင့် ပစ္စုပ္ပန်လူသားများအား ပြုပြင်ရန် စောင့်ဆိုင်းနေကြသော ဥတုနှင့်အာဟာရများသည် အတိတ်လူသားတို့လက်ကိုင်ပြု ကံနှင့်စိတ်ကြောင့် အကြွမ်းအနု ဖြစ်ပွားလာရခြင်း။

တစ်ဖန် အနာဂါတ်လူသားများအား ပြုပြင်ရန် စောင့်ဆိုင်းနေကြသည့် ဥတုနှင့်အာဟာရများကလည်း ဤပစ္စုပ္ပန်လူသားတို့လက်ကိုင်အဖြစ်အသုံးပြုသွားကြသော ကံလော်စိတ်ပင်းအတိုင်းလျှင် အကြွမ်းအနု စုပုံ ကျန်နေခဲ့တော့ခြင်း။ ယင်းတို့ကိုထောက်ဆ၍

ယနေ့၏ အဆိုး ယမန်နေ့ကိုပင် လက်ညှိုးထိုးမည်လော၊ ယနေ့ကိုပင် လက်ညှိုးထိုးမည်လော။ စဉ်းစားရဦးမှာပင်၊ ယနေ့ယနေ့ချင်းပင်လျှင် • • •

အနောက်ကမ္ဘာ(အောက်ကမ္ဘာ)သားများသည်ကား အအေးလွန်ရေဆောင်မြေဆောင် ဥတုကြားမှ မွေးဖွားလာကြရသူများပီပီ••ရာဂမန်အားကြီး၏။ သစ္စာမဲ့ အမှားသိ အငြိုသန်၏။

အရှေ့ကမ္ဘာ(အထက်ကမ္ဘာ)ခေါ် အာရတိုက်သားများသည်ကား အပူလွန် လေဆောင် မီးဆောင်ဥတုကြား မွေးဖွားလာသူများပီပီ ဒေါသမာန်ထန်လွန်း၏။ သစ္စာမဲ့ အမှားသိ၊ ထိုမောဟ သတ္တိပြရုံမျှ ရှိ၏။

* ရာဂသည် မဂ္ဂင်စက်အပ်၍ ပြုပြင်နိုင်လွန်းမှ သဒ္ဓါသိတက်ခွင့်ရရုံသာ

http://www.dhammadownload.com



ကို သတိပြုရမည်။

* ဒေါသသည် မဂ္ဂင်စက်အပ်မိသည်နှင့် ပညာအထိတိုးတက်သွားသည်ကို သတိပြုရမည်။

ထိုကွဲလွဲချက်အတိုင်းပင်

* သတိရှေ့သွားပြု ပညာအထွတ်တင် သီလ၊ သမာဓိ၊ ပညာများ ထွန်းကားရာ တက်ခေတ်ကို အာရုခေါ် အရှေ့တိုင်းသားများက ဦးဆောင်သည်။

* သညာရှေ့သွားပြု အစွဲသိ အထွတ်တင် တဏှာ၊ မာန၊ ဒိဋ္ဌိများ ဖောက်ပြားရာ ကျခေတ်ကိုကား ဥရောပ အမေရိကခေါ် အနောက်တိုင်းသားများက လမ်းပြခေါ်မည်။ ထိုစဉ်

သီလဘာသနာထွန်းကားရာ ငြိမ်းချမ်းရေးကာလတုန်းက အနောက်တိုင်းသားမျိုးကို အရှေ့တိုင်းသားများက အန္ဓ ဗာလ၊ ပုထုဇဉ် ဟူ၍ ချိုးနှိမ်ခေါ်ဆိုကြ၏။ အကန်းများ။ အမိုက်များ။ ကိလေသာအားကြီးသူများဆိုသော ဘွဲ့သုံးထပ်တည်း။

ယခု တဏှာမာန ပွားစည်းချိန်၏ ပူလောင်ပြင်းကာလတွင်ကား အနောက်တိုင်းသားများက အရှေ့တိုင်းသားများကို မန္ဒ မူဂ၊ မုစ္ဆက သမားဟူ၍ ခေါ်ဆိုနေကြပြီ။ အရိုးကြီး။ အအကြီး။ အသိအမြင်မလျှင်သူကြီးဆိုသော ဂုဏ်ထူးသုံးဆင့်တည်း။ သို့ကြောင့် ယနေ့၏ ယနေ့ကာလထဲတွင်

သဘာဝအရိုးကို သဘာဝအရိုးအတိုင်း အသိုင်းအဝိုင်းအချဲ့မပါ ခံစားပေးလေ့ရှိကြသော အရှေ့ကမ္ဘာရှိ အာရှတိုက်သားများသည် လူနုံ လူညံ့တွေလော။ သို့တည်းမဟုတ် အနောက်ကမ္ဘာမွေး ဥရောပတိုက်သွေးများကပင် လူတတ်လူနပ်တွေလော။ စဉ်းစားစရာပင်။

အင်း... စဉ်းစားစရာများကား စဉ်းစားလေ စဉ်းစားရလေပင်ဖြစ်ပါ၏။ အတိတ်မျှော်တွေး စဉ်းစားတွေး တွေးမိခဲ့၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



* ဝိသာခါနှင့် မောင်ပုညတို့အတွဲ မည်သူသည်ကောင်းမှုရှင်(ပုညရှင်) လေလဲ။ မဆုံးဖြတ်တတ်ခဲ့။

* အနာထပိဏ်နှင့် ပုညလက္ခဏာဒေဝီတို့အတွဲ မည်သူသည် ပုည ရှင်လေလဲ။ မဝေခွဲတတ်ခဲ့။

တဖန် ယနေ့၏ ယနေ့ရှိ ကာလပေါ်လေးများပေါ် အတွေးရောက်ပြန် ၏။ ကာလပေါ်လေးများသည် ကာလကတောင်းဆိုနေသောအတိုင်း ကိုယ့် ကိုယ်ကိုယ် ခေတ်အမီဆုံးအပေါ်လွင်အထင်ရှားဆုံးဖြစ်အောင် ကာလပေါ်ပစ္စည်း များဖြင့် အမျိုးမျိုးပြင်ပြ ဆင်ပြ သပြနေခြင်းများကကော၊

* ကာယကံရှင်ကိုယ်တိုင် လှချင်ပချင်လို့လား။ အာရုံဆန်းဖမ်းခံစား တတ်သူများအတွက်ပဲလား။

မစဉ်းစားတတ်ပြန်ခဲ့။ တဖန်လည်း ပြင်ပရှိ ဥတုနှင့် အာဟာရများ၏ ထိုးဖောက်ဝင်ရောက်လာမှုကြောင့် ထိုဥတုဆိုးများကြားမှ မွေးဖွားကြီးပြင်းလာခဲ့ ကြရသူ လူသားများ၏ ကိုယ်လှုပ်နှုတ်ဖွင့် ကံထားများ စိတ်ကြံ စိတ်ညွှတ်များ ကြမ်းတမ်းပေးရ နူးညံ့ပေးနေရခြင်း။ ကောင်းပြရ ဆိုးပြရခြင်း။ ကိုယ်ခန္ဓာများ လည်း ထွားကျိုင်းပေးရ လှီကင်းပေးရခြင်း။ သက်တမ်းများလည်း ရှည်လာခဲ့ရ၊ တိုပေးထားရခြင်းများ··· စဉ်တိုက်ကြီး လှူဋ္ဌ အကျိုးသက်ဖြစ်ပေါ်နေချေရာ

ဥတုအာဟာရများကပင် တရားခံလော၊ လူ့ရှိ ကံစိတ်များကပင် တရား ခံလော၊ မစောကြော မဝေဖန်တတ်ခဲ့။ သည်အတိုင်းချည်းပင်···ယနေ့၏ ရှေ့နောက်ကမ္ဘာခြားလူသားများ၏ မျက်မှောက်ရေးရာပြဿနာ၊ နက်ဖြန်၏ အနာဂတ်ရေးရာ ပြဿနာ··· ထိုထို ပြဿနာများစွာတို့၌လည်း

* ငါတို့ အမိုက်ကြီးသည်အလျောက် ထိုးထိုးဖောက်ဖောက် လမ်း မလျှောက်နိုင်တော့ပါ။

* ငါတို့ မလိမ္မာသည်အလျောက် ဒိုးဒိုးဒေါက်ဒေါက် ခေါက်မဝင်

http://www.dhammadownload.com



တတ်တော့ပါ။

* ငါတို့ ဒေးမျောမျောနေသည့်အလျောက် နိုးနိုးဝေါက်ဝေါက် ကောက်မကိုင်နိုင်တော့ပါ။

စဉ်းစားစရာများကို စဉ်းစားစရာအဖြစ်လက်ခံ၍ စဉ်းစားဝေဖန်တတ်သော အတွင်းသိ အစင်းသိ သိသောအသိပညာရှင်များ ဆက်လက်စဉ်းစားကြပါကုန်။

* * *

အကိရိယောပိ ဘုဥ္ဇန် သုန္ဒရံ ဆုတ နရောယော
အနေသနော အနပ္ပကော အပုညော သောသုခေါ်တထာ
အတိတပုည ကမ္မေန သန္ဓဒ္ဓ နိသန္ဓ ဝတော

ဆုတ-ဤလူ့လောက၌၊ ယောနရော-အမြတ်ကြီးစား အကြင်လူသားသည်ကား

အကိရိယောပိ-ကောင်းသောအလုပ်ဘာမှမပြုမလုပ်ဘဲလျက်ကပင်၊ ဘုဥ္ဇန်-အဆင်သင့်စားသုံးနေရ၏။

သော-ထိုလူသားကား။ သုန္ဒရံ-အကောင်းစားသော အကောင်းစားတည်း။ တထာ-ထိုအတိုင်း။ အနေသနော-ဘာမမရှာမှီးရဘဲလျက်ကပင်၊ သုန္ဒရံ-ကောင်းကျိုးချက်မြှုပ်ရိက္ခာထုပ်ကား။ အနပ္ပကော-ထားလည်းမထား။ ရှားလည်းမရှားပါ။ အပုညောပိ-ကောင်းမှုသရုပ်ဘာမှမျိုးမမြှုပ်ရဘဲလျက်ကပင်၊ သုခေါ-မကြောင့်မကြမတောင့်မတ အချိန်တန်ကံထ ဟန်ကျနေပါ၏။ သော- ထိုလူသားသည်၊ ပရေန-ကောင်းသောအကျိုး ကောင်းမျိုးတွယ်ဖက် သူတစ်ဖက်နှင့်၊ အတိတပုညကမ္မေန-တစ်ဖက်ပြုတိုင်း ခေါင်းညိတ်စိတ်တူ အလိုတူ ကံပေးပစ္စည်းဖြင့်၊ အတိတ်ကပြုမိခဲ့သော စိတ်ပေါင်းလက်ခံ မနောကောင်းကံဖြင့်၊ သန္ဓဒ္ဓ နိသန္ဓဝတော-ဖက်စပ်သွယ်မိအကျိုးရှိကြောင့်၊ သန္ဓရော-တစ်ဖက်ကံထ ကိုယ်ကံရဖြင့် ဟန်ကျပန်ကျ စံခွင့်ရနေသူတည်း။ ။

မဟာဗောဓိမြိုင်ဆရာတော်
၁၃၆၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့
စံရိပ်ငြိမ်၊ ကျော်တော။

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏
ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်၏
ဓမ္မစာပေတရားတော်များပြန့်ပွားရေး ငွေပဒေသာပင်
အလှူရှင်များစာရင်း

၁။ အရှင်တေဇိန္ဒ(ရွှေဥမင်တောရ) ငါးသောင်းကျပ်
၂။ အရှင်ဉာဏာဓေ(ရွှေဥမင်တောရ) နှစ်သောင်းကျပ်
၃။ ဒေါ်ဥတ္တမစာရီ(ရေပ်ကွင်း-လှည်းကူးမြို့နယ်) နှစ်သောင်းသုံးထောင်ကျပ်
၄။ ဆရာအောင်ကျော်စံ ဆယ်သိန်းကျပ်
၅။ ဒေါ်အားမေမိသားစု၊ကျွန်းပင်သာရပ်၊မြစ်ကြီးနားမြို့ ဆယ်သိန်းကျပ်
၆။ ဦးအေးမောင်+ဒေါက်တာစန္ဒာကျော်
သမီးယွန်းမူမူအိမ်၊
ဆန်းဆင့်ဆင့်အေးမောင်မိသားစုမြစ်ကြီးနားမြို့ ဆယ်သိန်းကျပ်
၇။ ဗိုလ်မှူးကြည်စိုးဝင်း+ဒေါက်တာခိုင်ခိုင်လင်း
သမီးသက်ထားဝင်းမိသားစု ငါးသိန်းခြောက်သောင်းကျပ်
၈။ စေတနာရှင်မိသားစု(ခေတ္တဘန်ကောက်) ငါးသိန်းကျပ်
၉။ ဦးဝင်းထိန်+ဒေါ်အေးအေးယုမိသားစု၊ ရန်ကုန်၊ ငါးသိန်းကျပ်
၁၀။ အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရဦးထွန်းထွန်း+ဒေါ်ဝေဝေမိသားစု
သုံးသိန်းကျပ်
၁၁။ ကိုသန်းလွင်+မယဉ်ယဉ်အေး ထွန်းနိုင်အောင်ကုမ္ပဏီမိသားစု နှစ်သိန်းကျပ်
၁၂။ ဒေါက်တာတင်ထွန်းအောင်+ဒေါ်ခင်မြတ်မိုးမြင့် မိသားစု
တစ်သိန်းငါးသောင်းကျပ်
၁၃။ ကိုအောင်နိုင်ဦး+မယဉ်မေ ဝင်းဝင်းကုမ္ပဏီမိသားစု
မြစ်ကြီးနားမြို့ တစ်သိန်းငါးသောင်းကျပ်
၁၄။ ဦးဟုတ်စွမ်+ဒေါ်ခင်ကြူ သားသမီးမြေးတစ်စု၊ ရန်ကုန် တစ်သိန်းကျပ်
၁၅။ ဦးမြင့်ဝင်း+ဒေါ်ခွေခွေ မိသားစု၊ ရန်ကုန် တစ်သိန်းကျပ်
၁၆။ ဒေါက်တာခင်မောင်ဇော်+ဒေါ်ခိုင်ခိုင်အေးမိသားစု၊ရန်ကုန် တစ်သိန်းကျပ်
၁၇။ ဦးထင်အောင်ကျော်+ ဒေါက်တာပပဝါ မိသားစု
ကျော်ဇေယျာကုမ္ပဏီလီမိတက်၊ ရန်ကုန်။ တစ်သိန်းကျပ်
၁၈။ ဗိုလ်ကြီးမျိုးကျော်ညွန့်+ဒေါ်ဥမ္မာအောင်၊ သမီး မမြတ်သွယ်နိုင်
၅/ဃ၊ မဂ္ဂင်ကျောင်းလမ်း၊ ရွာသစ်အရှေ့ အင်းစိန်။ တစ်သိန်းကျပ်
၁၉။ ကိုရဲမြင့်+မချောစု၊ အောင်နန်း ၁၂၈၊ မြစ်ကြီးနားမြို့ တစ်သိန်းကျပ်
၂၀။ ကိုခင်မောင်ထွေး+မနော်ငယ်၊ သား ကောင်းမင်းခန့် မိသားစု၊
ကချင်ပြည်နယ်။ တစ်သိန်းကျပ်

http://www.dhammadownload.com

၂၁။ ဗိုလ်ကြီးဇော်သက်နှင့် တပ်ဖွဲ့ဝင်များ။ ခေတ္တလိုင်ဇား၊ တစ်သိန်းကျပ်
၂၂။ ကိုအားရင် ရွှေပြည်သာကုမ္ပဏီ မိသားစု တစ်သိန်းကျပ်
၂၃။ ဗိုလ်မှူးချစ်ကိုကို+ဒေါ်သီတာအောင် မိသားစု တောင်ကြီးမြို့ တစ်သိန်းကျပ်
၂၄။ ဒေါက်တာအောင်သန်း+ဒေါ်ဝိဝိသန်း
တီကေမိသားစု၊ မြို့မရပ်၊ သာစည်မြို့ တစ်သိန်းကျပ်
၂၅။ ဒေါက်တာဝင်းနိုင်ထွန်း မိသားစု၊ ထိုင်ဝမ်၊ တစ်သိန်းကျပ်
၂၆။ ဦးကျော်မင်းနိုင်+ဒေါ်စောမွန်လတ်မိသားစု၊
ရန်ကုန်။ ခုနစ်သောင်းငါးထောင်ကျပ်
၂၇။ ဦးကျော်ကျော်+ဒေါ်အေးအေးမြင့် မိသားစု၊
အမှတ်(၁)ကြေးနီသတ္တုတွင်း။ မုံရွာမြို့ ခြောက်သောင်းကျပ်
၂၈။ ဒေါ်သောင်း။ သား-ဒေါက်တာအိုကေ
အနောက်ဈေးရပ်၊ ရွှေဘိုမြို့ ငါးသောင်းကျပ်
၂၉။ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း မိသားစု၊
အောင်သိဒ္ဓိရပ်၊ ဇီးကုန်းမြို့ ငါးသောင်းကျပ်
၃၀။ ဦးသွေးချွန်+ဒေါ်နန်းရွှေအေး မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၃၁။ ဒေါ်မြမြသန်း။ ဒေါ်တင်ပု(မခင်လှဆေးပေါ့လိပ်)မိသားစု
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ ငါးသောင်းကျပ်
၃၂။ ဦးအောင်ထူး+ဒေါ်နု မိသားစု သစ်ထုတ်လုပ်ရေး မုံရွာမြို့ ငါးသောင်းကျပ်
၃၃။ ဦးခင်မောင်သန်း+ဒေါ်ငွေ မိသားစု
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ ငါးသောင်းကျပ်
၃၄။ ဦးအေးသိုက်+ဒေါ်ဝင်းဝင်းမိုး။ သား- မောင်ဝင်းပြည့်ဖြိုး မိသားစု
ကျောက်မြောင်း။ ရန်ကုန် ငါးသောင်းကျပ်
၃၅။ ဦးခင်မောင်ကြည်+ဒေါ်ကျော့ကျော့မိုး မိသားစု
မြန်မာ့သစ်လုပ်ငန်း။ မိုးမိတ်မြို့ ငါးသောင်းကျပ်
၃၆။ ဦးညွန့်ဝေ+ဒေါ်မြကြည် မိသားစု
အမှတ်(၁)ကြေးနီသတ္တုတွင်း။ မုံရွာမြို့ ငါးသောင်းကျပ်
၃၇။ ပြည်နယ်တရားသူကြီးဦးမြတ်မင်း+ဒေါ်သီတာ
မြစ်ကြီးနားမြို့ ငါးသောင်းကျပ်
၃၈။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်(၁၀၀)၊ မြို့မရပ်၊ ကာမိုင်းမြို့ ငါးသောင်းကျပ်
၃၉။ ဦးမင်းချစ်သူ+ဒေါ်အေးအေးဝင်း
သမီး-ရွှေရေးခြယ် မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၄၀။ ဦးခင်မောင်အေး+ဒေါ်လှလှချင်း အရောင်တင်မိသားစု

http://www.dhammadownload.com

ဝက်လည်ရွဲရပ်၊ ရွှေဘိုမြို့။ ငါးသောင်းကျပ်
၄၁။ ဦးမြင့်စိုး+သုစမ္မာသီရိဂီဒေါ်သန်းသန်း၊ သား-ကိုမောင်မောင်စိုးသန်း
မိသားစု၊ ပျဉ်းမနားမြို့။ သုံးသောင်းကျပ်
၄၂။ ဦးမျိုးညွန့်+ဒေါ်မြင့်မြင့်ဝင်း မိသားစု၊
ကြိုပ်တုဆက်သွယ်ရေးစခန်း၊ ပုတာအိုမြို့။ သုံးသောင်းကျပ်
၄၃။ ဦးသိန်းအောင်+ဒေါ်လှစိန်
သားကိုဝင်းနိုင်နှင့်မောင်နှမများရွှေညောင်မြို့။ သုံးသောင်းကျပ်
၄၄။ ဦးသိန်းအောင် နဝရတ်မိတ္ထူမိသားစု၊ လှည်းတန်း။ နှစ်သောင်းကျပ်
၄၅။ ဦးဝင်းမောင်+ဒေါ်စိုးစိုးမြင့်မိသားစု၊ မန္တလေး။ နှစ်သောင်းကျပ်
၄၆။ ဦးမြတ်သူ+ဒေါ်အေးမြတ်မွန်
M.H.T ဆောက်လုပ်ရေး ရန်ကုန်။ နှစ်သောင်းကျပ်
၄၇။ ဒေါ်သန်းမြ ဒေါ်ပေါ် ဖိုးလမင်းမုန့်တိုက်၊ ကလေးမြို့။ နှစ်သောင်းကျပ်
၄၈။ ဦးတင်တိုး+ဒေါ်ခင်ပြုံး မိသားစု၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့. နှစ်သောင်းကျပ်
၄၉။ ဒေါက်တာသန်းထွေးအောင်+ဒေါ်မြင့်မြင့်မိသားစု၊ ရွှေဘိုမြို့။ နှစ်သောင်းကျပ်
၅၀။ ဒေါက်တာနေဦး+ဒေါ်ဗိုဗိုTop Choice စာအုပ်လုပ်ငန်း
အမှတ်-၁၇၂၊ ၃၁လမ်း၊ ရန်ကုန်။ နှစ်သောင်းကျပ်
၅၁။ ဦးလှအောင်+ဒေါက်တာတင်တင်စု
၁၉၊ ငုဝ်လလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ နှစ်သောင်းကျပ်
၅၂။ ကိုတင်မြင့်+မစန္ဒာအေးမိသားစု၊
"Good Baby"စတိုး၊ မြစ်ကြီးနားမြို့။ နှစ်သောင်းကျပ်
၅၃။ ဦးခင်မောင်သက်+ဒေါ်မြင့်မြင့်ခင် မိသားစု
အာရှရောင်းဝယ်ရေး မိသားစု၊ မကွေးမြို့။ နှစ်သောင်းကျပ်
၅၄။ စေတနာရှင်တစ်ဦး နှစ်သောင်းကျပ်
၅၅။ မစန္ဒာလင်း(ဦးမြသောင်း+ဒေါ်အေးအေးမင်းရွှေဆိုင်)
လယ်ဝေးမြို့။ နှစ်သောင်းကျပ်
၅၆။ တပ်ကြပ်ကြီးသန်းဝင်း+ဒေါ်ဥမ္မာထွန်းမိသားစု၊
ရန်ကုန်။ တသောင်းငါးထောင်ကျပ်
၅၇။ ဒေါ်နန်းမူနှင့်သားများ၊ ရွှေညောင်မြို့။ တစ်သောင်းငါးထောင်ကျပ်
၅၈။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့. တစ်သောင်းကျပ်
၅၉။ ဦးပန်ကာ+ဒေါ်ခင်ထွေး မိသားစု၊ အမှတ်(၃)သာစည်မြို့။ တစ်သောင်းကျပ်
၆၀။ ဦးမောင်မောင်အေး+ဒေါ်ချိုလေးမိသားစု
အနီးစခန်း၊ ပြင်ဦးလွင်။ တစ်သောင်းကျပ်
၆၁။ ဦးမောင်မောင်အေး+ဒေါ်တင်မြင့်

http://www.dhammadownload.com

အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်
၆၂။ ပညာလွင်ဘော်ဒါ၊ ရေနံချောင်းမြို့။ တစ်သောင်းကျပ်
၆၃။ ဒေါက်တာမျိုးသန့်+ဒေါ်ခိုင်ခိုင်မော်
သမီး-မြကေသီသန့်၊ သာစည်မြို့။ တစ်သောင်းကျပ်
၆၄။ ဗိုလ်ကြီးမြင့်ဇော်+ဒေါ်ဦးသန်းမေ၊ ရန်ကုန်မြို့။ တစ်သောင်းကျပ်
၆၅။ ဦးမြသောင်း+ဒေါ်အေးအေးမင်း၊ ရွှေဆိုင်၊ လယ်ဝေးမြို့။ တစ်သောင်းကျပ်
၆၆။ ဦးမြင့်သန်း+ဒေါက်တာတင်တင်လတ်၊ ရန်ကင်း၊ရန်ကုန်။ တစ်သောင်းကျပ်
၆၇။ ဒေါ်အေးအေးခိုင် မိသားစု၊ ဝါယာလက်၊ မင်္ဂလာဒုံ။ တစ်သောင်းကျပ်
၆၈။ ဦးဘအောင်+ဒေါ်အေးရှင် မိသားစု၊
ကျောက်မြောင်း၊ ရန်ကုန်။ တစ်သောင်းကျပ်
၆၉။ ဦးသန်းနွယ်+ဒေါ်လွှင်လွှင်သန်း၊ မိသားစု၊
မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၀။ ဦးသိန်းမြင့်+ဒေါ်ချိုမိသားစု
MICCL အမှတ်(၁)၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ တစ်သောင်းကျပ်
၇၁။ ဒေါ်မာမာတင့်(အထက်တန်းပြ) မိသားစု၊
အထက(၁)၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၂။ ဦးအောင်သိန်းနှင့် Technical Trainning ဝန်ထမ်းများ MICCL
အမှတ်(၁)၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ တစ်သောင်းကျပ်
၇၃။ ယွန်းမှုမူးအိမ်(အထက-၃)မြစ်ကြီးနားမြို့။ တစ်သောင်းကျပ်
၇၄။ နန်းဒိုချစ်ရာ၊မြောင်းမြမြို့။ တစ်သောင်းကျပ်
၇၅။ ဦးစိန်မင်း+ဒေါ်ခင်မမ၊ သား ဦးကျော်ကျော်နိုင်၊ သမီး မသီသီအောင်
သားကိုသက်ခွေး၊ သားငယ် ကိုရဲမင်းလှိုင်မိသားစု၊ သန်လျင်မြို့။ တစ်သောင်းကျပ်၊
၇၆။ ဦးစိုးဟိန်း(မန်းတက္ကသိုလ်)+ဒေါ်ရည်ရည်ရွှေမိသားစု၊ရန်ကုန်။ တစ်သောင်းကျပ်
၇၇။ ဆရာအောင်ကျော်စံ(ခေတ္တဘင်္ဂလားဒေ့ရှ်) ဒေါ်လာ-၁၀၀
၇၈။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု(ခေတ္တအမေရိကန်) ဒေါ်လာ-၁၀၀
၇၉။ THIKE-SAN(ခေတ္တ-ဂျပန်) ဒေါ်လာ-၅၀
၈၀။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်-၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့။ ယွမ်-၅၀၀
၈၁။ ဦးအောင်ကျော်စံ(ခေတ္တတရုတ်ပြည်) ယွမ်-၂၀၀
၈၂။ ဦးဝေယျ၊ ပြည်နယ်ဥပဒေအရာရှိ၊မြစ်ကြီးနားမြို့ FEC-၂၀